ကတ်ဇင်းကျေးရွာ
ကျိုင်းတုံမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## (၂၀၁၅ - ၂၀၂၀)




ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကတ်ဇင်းကျေးရွာ၊ ကျိုင်းတုံမြို့နယ်
(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)



၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ



CamScanner
CamScanner

မာတိကာ


မာတိကာ ၁
စကားချီး ၅
ကတ်ဖဝင်း ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကျိုင်းတုံမြို့နယ် ၇
**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၈

၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်
(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု
(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉
(က) တည်နေရာ၊ မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၃
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမီရယူမှု-လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၆
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၈




CamScanner
CamScanner

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိန်းရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၀

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး

(ခ) ကဏ္ဍနှင့် ရင်းနီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘဝတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၉

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ ၃၁

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၃

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ ၃၇

(၁) ရွာ၏ လူမှုစီးပွားရေး အခြေအနေ

ဇယား (၁)လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း




CamScanner

CamScanner

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊
ပြဿနာနှင့်အခက်အခဲများ
ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက်
လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ်
လျှော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေရရှိမှု
ဇယား (၃၄) သန့်ရှင်းရေးအခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား (၄၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေ ၆၄
ကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ
ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား(၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်
စိန်ခေါ်မှုများ



CamScanner
CamScanner

နောက်ဆက်တွဲ (၃)ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၆
ဇယား (၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်
ကိုးကားစာရင်း ၆၉
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၀
စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ



CamScanner
CamScanner

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကတ်ဇင်း ကျေးရွာ၏ ကျေးရွာသူ ကျေးရွာ သားများပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူး ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အပြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှု တို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ဤ လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာအစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်းယုံကြည်ပါသည်။



CamScanner

CamScanner

ဤစီမံချက်တွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ် ဂျက် နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

ဇူလိုင်လ (၂၇-၂၉ ဇူလိုင် ၂၀၁၅)ရက်၊ ၂၀၁၅

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကတ်ခင်းကျေးရွာ
ကျိုင်းတုံမြို့နယ်



CamScanner
CamScanner

ကတ်ဖင်း ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကျိုင်းတုံမြို့နယ်



**ရည်ညွှန်း** - ကတ်ဖင်း ကျေးရွာ၊ မိုင်းခွန်ကျေးရွာအုပ်စု၊ ကျိုင်းတုံမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၇-၂၉ ဇူလိုင် ၂၀၁၅)



CamScanner
CamScanner

## အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

### ၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိ ရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊သတင်း အချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက် အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့ အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကို လည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။ နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

**(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

ရှမ်းပြည်နယ်သည် မြောက်ဘက်နှင့်အရှေ့မြောက်ဘက်တွင် ကချင်ပြည်နယ်နှင့် တရုတ်ပြည် နယ်၊ အရှေ့ဘက်တွင် လာအိုနိုင်ငံနှင့်ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီးနှင့် တောင် ဘက်တွင်ကယားပြည်နယ်တို့ဖြင့် နယ်နိမိတ်ခြင်းထိစပ်နေပါသည်။ ကတ်ဖင်း ကျေးရွာသည်



CamScanner
CamScanner

ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ်အတွင်းတည်ရှိသော မိုင်းဇင်းအုပ်စုအတွင်းမှလားဟူလူမျိုးများ အများစုနေထိုင်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျိုင်းတုံမြို့၏ အရှေ့ဘက် ၇ မိုင်ကွာဝေးပြီး ကျိုင်းတုံ-တာချီလိတ် ကားလမ်းဘေးမှ လမ်းခွဲဝင်သွားရသည့် ကျေးရွာဖြစ်ပါသည်။

ရွာ၏မြောက်ဘက်တွင် ကျေးရွာပိုင်သစ်တောစက ၄၀။ အရှေ့ဘက်နှင့်အရှေ့တောင်ဘက်တွင် သရက်ပင်ချောင်းဖြတ်သန်းစီးဆင်းနေပြီး၊ တောင်ဘက်တွင် တာချီလိတ်-ကျိုင်းတုံ-တောင်ကြီးကားလမ်းမ နှင့် မိုင်းဇင်းရွာ၊ အနောက်ဘက်တွင် ကတ်ခင်း(၁)ရွာတို့ ဝန်းရံတည်ရှိပါသည်။

ကျိုင်းတုံသည် သံလွင်မြစ်အရှေ့ဘက်ကို လွန်ပြီး မြန်မာနိုင်ငံ၏အရှေ့ဘက်အကျဆုံးသောမြို့ဖြစ်ပြီး ပေ ၃၀၀၀ မှ ၅၀၀၀ ထိမြင့်မားသော တောင်ကုန်းများ နှင့် ယင်းတောင်ကုန်းများအကြားချိုင့်ဝှမ်းလွင်ပြင်များအကြားတည်ရှိပြီး မဲခေါင်မြစ်ဝှမ်းသို့ စီးဝင်သောတောင်ကျချောင်းများ အကြားတွင် တည်ရှိနေသော မြို့ဖြစ်ပါသည်။

ကျိုင်းတုံမြို့နယ်သည် ယေဘုယျအားဖြင့် တစ်နှစ်လျှင် မိုးရေချိန်လက္မ ၅၀ မှ ၆၀ ကြား ရရှိပြီးအပူချိန်မှာ နွေရာသီတွင် ၃၀ဒီဂရီC ( ၁၀၀ဒီဂရီ F) ဆောင်းရာသီတွင် ၂၁ဒီဂရီ C (၇၀ဒီဂရီ F) သိရှိပြီး အချို့နှစ်များတွင် ၄ ဒီဂရီ C (၄၀ဒီဂရီ F) ထိ အေးမြလေ့ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်များ

ရွာ၏အရှေ့တောင်ဘက် ၅မိုင်ခန့်ဝေးသော နေရာတွင် သဲနှင့်လမ်းခင်းကျောက်များ ပေါများစွာရရှိနိုင်ပါသည်။ ရွာမြောက်ဘက်တွင် ရွာပိုင်သစ်တောစက ၄၀ကျော်ရှိပြီး ကျွန်းအပင်ပေါင်း ၃၀၀ ကို ပြန်လည် စိုက်ပျိုးထားရှိပါသည်။ မန်ကျည်းပင်၊ရင့်ကူပင်များ ပေါများစွာရှိနေသေးပြီး ကျေးရွာမှ ၂မိုင်ခန့်ဝေးသော နေရာတွင် သက်ကယ်တောတစ်ခုရှိကာ သက်ကယ်၊ သစ်၊ ဝါး၊ မြက်များ ပေါများစွာရရှိနိုင်ပါသည်။ သရက်ပင်ချောင်းသည် ရွာနှင့်နီးပြီး လယ်ယာများမှာ ရွာနှင့်ကပ်လျက် တည်ရှိပါသည်။

## ၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

ကတ်ခင်း(၂)ရွာသည် မိုင်းဇင်းကျေးရွာအုပ်စုအတွင်း တွင်ရှိပြီး ကျိုင်းတုံမှ ၇မိုင် ခန့်အကွာ ကျိုင်းတုံ-တာချီလိတ်ကားလမ်းဘေးမှ ၁ဖာလုံခန့်သာအတွင်းသို့ ဝင်ရောက်ရသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာအတွင်း လူဦးရေစုစုပေါင်း ၅၉၅ ဦးရှိပြီး အိမ်ထောင် စုပေါင်း ၉၄ အိမ်ဖြစ်သဖြင့် တစ်အိမ်ထောင်လျှင် ၆.၃ဦးနှုန်းနေထိုင်ပြီး နိုင်ငံ၏စံနှုန်းထက်ပိုမိုပါသည်။ ကျား၊ မဦးရေတွင် ကျားက ၅ ဦးသာစုစုပေါင်းတွင်ပိုပြီး ၉နှစ်မှ၁၄နှစ်တွင် ၂ဦး ၅နှစ်မှ၉နှစ်တွင် ၄ဦးနှင့် ၁နှစ်မှ၅နှစ်တွင် ၁၁ ဦးထိပိုပါသည်။ အမျိုးသမီးဦးရေမှာ ၁နှစ်အောက်တွင် ၅ဦး၊ ၁၄နှစ်မှ၆၀နှစ်တွင် ၆ ဦးနှင့် ၆၀ နှစ်အထက်တွင် ၁ ဦးတို့ အသီးသီးပိုကြပါသည်။ ထို့ကြောင့် ကျား၊ မကွာခြားချက်မကြီးမားချေ။ အမျိုးသမီးဦးဆောင်အိမ် ထောင်စုပေါင်း (၁၂) စုရှိပါသည်။ ယင်းတို့အနက် ၂ ဦးသာ ကျပမ်းမိသား စုဖြစ်



CamScanner
CamScanner

ပြီးအများစုမှာလယ်ပိုင် ဖြစ်ကာ တစ်ဦးမှာ ပန်းဘဲသီးသန့်လုပ်ကိုင်သည့်မိသားစုဖြစ်ကာ အခြား တစ်ဦးမှာ ကျောင်းအုပ်အမျိုး သမီးဖြစ်ပါသည်။ လားဟူ၇၃အိမ်၊ အာခါလူမျိုး၁၇အိမ်၊ လားဟူ-ဗမာ ၃အိမ်၊ အာခါ-လားဟူ ၁အိမ်တို့ အသီးသီးနေထိုင်ကြပြီး နှစ်ခြင်း၊ ရိုမန်ကတ်သလစ်နှင့် ဗုဒ္ဓဘာသာ များ ကိုးကွယ်ကြပါသည်။

**(ခ) စီးပွားရေးအခြေအနေ-(ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု)**

ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ကတ်ခင်း ကျေးရွာတွင် က အဆင့် ၁၅စု၊ ခ အဆင့် ၄၀ စု၊ ဂ အဆင့် ၂၇ စု နှင့် ဃ အဆင့် ၁၂ စု ရှိပါသည်။ မြေယာပိုင်ဆိုင်မှုမရှိသူအိမ်ထောင်စုမှာ ဇယား၁၂အရ ၂၀စုဖြစ်သောကြောင့် ဥစ္စာဓနအဆင့်ခွဲခြားခြင်းဇယား ၅ ပါ အဆင့် ဃ ၁၂ စုနှင့် ဂအဆင့်မှ ၈စုတို့သည် မြေယာမရှိသူများ ဖြစ်ကြပါသည်။ က အဆင့်များသည် ၂ဧကမှ၃ဧကထိ ပိုင်ဆိုင်ပြီး၊ ခ အဆင့် မှာ ၁ဧကမှ၂ဧကထိ နှင့် ဂအဆင့်မှာ ၁ဧကအောက်ပိုင်ဆိုင်ကြပါသည်။ ဇယား ၁၂အရမှ ၁၂.၅ဧကအထက် ပိုင်ဆိုင်သူ တစ်ဦးမျှမရှိပဲ၊ ၅ဧကမှ၁၂.၅ဧကကြားပိုင်ဆိုင်သူ ၁ဦးသာရှိကာ ၂.၅ဧမှ၅ဧကထိပိုင်ဆိုင်သူ ၇ ဦးရှိပါသည်။ ၂.၅ဧကအောက်ပိုင်ဆိုင်သူ ၆၆ ဦးထိရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် ဆင်းရဲသားတောင် သူမှာ အများစုဖြစ်ပါသည်။ တစ်နှစ်ဝင်ငွေမှာ က အဆင့်မိသားစုများသည် ၃၀-၅၀ သိန်း၊ ခ အဆင့် သည် ၁၅မှ၃၀သိန်း၊ ဂအဆင့်သည် ၁၀သိန်းထိနှင့် ဃ အဆင့်၏ ဝင်ငွေမှာ ၅-၇ သိန်းဖြစ်ပါသည်။ ထို့ကြောင့် က အဆင့်နှင့် ဃ အဆင့် ဝင်ငွေသည် ၁၀ဆနီးပါး ကွာဟမှုရှိနေ ပါသည်။ အိမ်အခြေအနေသည်လည်း သိသာစွာကွာခြားမှုရှိကာ က အဆင့်များသည် အိမ်ကြီး အိမ် ကောင်းသွပ်မိုး၊ အုတ်ချောတိုက်နှင့်တမံသလင်းခင်းများဖြစ်ကာ ဃအဆင့်များမှာ သက်ကယ်မိုး၊ ဝါးကာ၊ မြေစိုက်အိမ်များဖြစ်ကြပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု**

ကတ်ခင်းရွာသည် ဆင်းရဲနွမ်းပါးမိသားစုအဖြစ် အဓိကထား ဖော်ထုတ်သူများမှာ ဃ အဆင့် မိသားစုများဖြစ်ကာ ၂၀ စုဖြစ်ပါသည်။ ယင်း၂၀ စု သည် မြေ ယာပိုင်ဆိုင်မှုလုံးဝမရှိသူများ လည်း ဖြစ်ကြပါသည်။ အထူးသဖြင့် ယင်းအစုထဲမှ အခြားဒေသသို့ကြာမြင့် စွာသွားရောက်လုပ် ကိုင်နေရာ သူ (ထိုင်း-မြန်မာနယ်စပ် တာချီလိတ်အနီးရှိ ထိုင်းလူမျိုးပိုင် ထိုင်းနိုင်ငံ ဘက်အခြမ်းရှိ လယ်ယာမြေ များတွင် သူရင်းငှားအဖြစ်လုပ်ကိုင်)များဖြစ်ပါသည်။ ဝမ်းစာဖူလုံမှုရှုထောင့် အရ ၃လအောက် ထိ သာဖူလုံသူမိသားစု၈စု၊ ၃လနှင့်၅လကြားဖူလုံသူမိသားစု ၁၆စု စုစုပေါင်း ၂၄စုရှိရာ ယင်းမှာ ရွာ၏ ၄ပုံ၁ပုံနီးပါးခန့်ရှိပါသည်။ သို့သော်လက်ရှိအချိန်ထိ ဝေါ်ဗီရှင်မြန်မာက အသက်မွေးဝမ်း ကျောင်း ချေးငွေအထောက်အကူရထားသည့်အပြင် လုပ်အားနှင့်ဖလှယ်ပြီး ဖြေရှင်းနိုင်နေဆဲဖြစ်ပါသည်။ ကျေးရွာတစ်ရွာလုံးအနေဖြင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့မှုမှာ မိုးမကောင်းသဖြင့် တောင်ကျ ချောင်း ရေနည်းကာ စိုက်ပျိုးရေးထိခိုက်မှု ကို ၃နှစ်ထိကြုံတွေ့ခဲ့ရဖူးခြင်းသာရှိပါသည်။ နှစ်စဉ်ပုံမှန် အားဖြင့် ရေလွှမ်းမိုးခြင်းကို မိုးရွာချိန်တောင်ကျချောင်းရေများချိန်တွင် ဖြစ်ပွားလေ့ရှိပြီး လယ်များ ရေလွှမ်းခံရလေ့ ရှိသော်လည်း မိုးတိတ်ပြီးမကြာမီ ရေပြန်ကျလေ့ရှိပါသည်။

ယာဧကများကို မှတ်သားမှုမရှိ၊ကိုယ်ပိုင်မြေနည်းသည့်အပြင်၊ အခြားရွာနယ်မြေများနှင့် ထိစပ်နေ။ လွန်ခဲ့သော ၅ နှစ်ကတပ်ချဲ့ခြင်းကြောင့် မြေသိမ်းထား၍တောင် ယာမြေများထပ်မံချဲ့ထွင် မရတော့ ရွာမြောက်ဘက်တောင်ကျချောင်းရေ ၄ ချောင်းမှ မိုးရာသီသာရရှိပြီး ရေသောက်ဧက ၃၇ဧကသာရှိကာ ယာမြေများမှာ မိုးကောင်းသောက်သာဖြစ်ပါသည်။ သို့သော် မြေသိမ်းခြင်းကြောင့်



CamScanner
CamScanner

ပြောင်းရွှေ့ရသူမရှိ သော်လည်း မူးယစ်ဆေးကြောင့်ထွက် ပြေးရသူရှိပြီးရွာအတွင်း၌မူးယစ် ဆေးသုံးစွဲမှုများလာခြင်းနှင့် မူးယစ်ဆေးအလွယ်တကူရနိုင်ခြင်းတို့က ရွာ၏ထိခိုက်လွယ်မှုအခြေအနေကိုမြင့်တက်စေပါသည်။ ဆေးစွဲသူတစ်ဦးထွက်ပြေးသွားခြင်းကို နေရပ်စွန့်ခွာအဖြစ်ထည့်သွင်းထားပါသည်။ မူးယစ်ဆေးဝါးစွဲသူ ဦး ၃၀ ခန့်ရှိပြီး ထိ ရောက်စွာနှိမ် နှင်းနိုင်ခြင်းမရှိခြင်းနှင့် ဆေးပြားများလွယ်ကူစွာဝယ်ယူရရှိနိုင်သည်ဟု ဆိုခြင်းသည် လူငယ်များအတွက် ထိခိုက်လွယ်မှုအခြေအနေကို မြင့်တက်စေပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကတ်ဖင်း ကျေးရွာတွင် မူလတန်း၊အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာပြီးစီးမှုနှုန်းထား (၉နှစ်အထက်လူဦးရေပေါင်း၏) ၆၀.၅၇% ဖြစ်ကာလက်ရှိ ကျောက်ခံရရှိသော စာရင်းအင်းများအရသာဖြစ်ပါသည်။ စာမတတ်သူဦးရေစုစုပေါင်းမှာ ၁၉၂ ဦးသာရှိ ကာအများစုမှာ ကလေးငယ်များနှင့်သက်ကြီးရွယ်အိုများဖြစ်ပါသည်။ ရွာချင်းကပ်လျှက် မိုင်းဇင်းရွာတွင် အလယ်တန်းကျောင်းခွဲရှိပြီး ကလေးများသည်အများအားဖြင့် မူလတန်းကိုသာ ပြီးအောင်နေလေ့ရှိပါ သည်။ အထက်တန်းကျောင်းကိုမူ ကျိုင်းတုံသာမက တောင်ကြီးမြို့အထိပါ မိမိတို့အဆက်အသွယ်အ လိုက်ပို့ကြပါသည်။ ဘွဲ့ရ ကျား ၆၊ မ ၄ စုစုပေါင်း ၁၀ဦးထိ ပေါ်ထွက်ခဲ့ပြီးဖြစ်ပါသည်။

အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုတွင် အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ပါတ်သက်သော ကျွမ်းကျင်မှုများမှာဖြစ်ကြပြီး ကျေးရွာထူထောင်စဉ်ကပင် မိရိုးဖလာအားဖြင့် တတ်မြောက်လာကြသော ပန်းဘဲလုပ်ငန်းသည် ဒုတိယကျွမ်းကျင်မှုသဖွယ်ဖြစ်ပါသည်။ လားဟူရိုးရာခါးလုပ်ခြင်းနှင့်တွဲဖက်ပြီး တစ်ရွာလုံးနီးပါးအတွက် အခြားဝင်ငွေရအလုပ်မှာ ပန်းဖွားအလှဆင်ခြင်းကို လက်မှုလုပ်ငန်းတစ်ခုအဖြစ် ကျွမ်းကျင်စွာလုပ်ကိုင်ကြပါသည်။ ဈေးကွက်ရရှိမှုပေါ်မူတည်ပြီး လုပ်ငန်းရရှိမှုအနည်းအများနှင့်ဝင်ငွေအ နည်းအများကွာခြားပါသည်။ အခြားကျွမ်းကျင်မှုတစ်ခုမှာ လားဟူရိုးရာရက်ကန်းထည်ရက်လုပ်ခြင်း အတတ်ဖြစ်ပါသည်။ ရိုးရာအဆင်များကိုအခြေခံပြီး ခေတ်မီဆန်းသစ်မှုရှိသော အထည်များဖြစ်သည့် အပြင် ကျိုင်းတုံ၊တာချီလိတ်ဈေးကွက်များသို့ တင်သွင်းကြပါသည်။ ဆန်စက်၁၂စက်၊ ပန်းရံ ၂၊ စက် ချုပ် ၄၊ လိုင်ကားမောင်း (ဆမ့်လော့) ၂ နှင့် ရိုးရာ ခေါက်ဆွဲ (ခေါက်ဆွဲ ခရပ်) ၂ ဆိုင်၊ ကုန်စုံဆိုင် ၂ဆိုင် ရှိပါသည်။

(စ) ကျားမဆိုင်ရာဆက်နွှယ်မှု

ကတ်ဖင်း ကျေးရွာ၏ လူဦးရေဆိုင်ရာအချက်အလက်များပေါ်ယား ၁ အရ ယေဘုယျအားဖြင့် ကျား၊ မကွာခြားမှုနည်းပါးပါသည်။ အမျိုးသမီးဦးဆောင်အိမ်ထောင်စုပေါင်း ၁၂ စုရှိပါသည်။ နှစ်ခြင်းအသင်းတော်နှင့် ရိုမန်ကတ်သလစ်အသင်းတော် ၂ခုရှိပြီး အများအားဖြင့် ကျေးရွာ သူ၊သားများအားလုံးပါဝင်ကြပါသည်။ အသင်းတော်၏ဖွဲ့စည်းမှုဖြင့် လူငယ်အဖွဲ့များရှိကြကာ ကျား၊မကဏ္ဍအလိုက် ဘာသာရေး၊လူမှုရေးကိစ္စရပ်များတွင် တာဝန်ယူကြပါသည်။ အမျိုးသမီးများသည် သာ မန်အားဖြင့် ကျေးရွာစည်းဝေးပွဲများတွင် ပါဝင်နိုင်ကြပါသည်။



CamScanner
CamScanner

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကတ်ခင်းကျေးရွာ၏ စီမံအုပ်ချုပ်မှုတွင် အဓိကဖော်ထုတ်သော အားနည်းချက်မှာ ကျေးရွာအုပ်ချုပ်ရေးက ရွာကနားလည်မည်ဟုထင်ပြီး ရွာကိုပုံမှန်နည်းလမ်းဖြင့် ချပြဆွေးနွေးခြင်းမရှိပဲ ပြုလုပ်သောကိစ္စရပ်များကြောင့် ရည်ရွယ်ချက်နှင့်လုပ်ရပ်ကောင်းသော်ငြားလည်း နားလည်မှု လွဲမှားရသော ကိစ္စရပ်များရှိနေပါသည်။ သို့သော် အခြားတစ်ဖက်တွင်မူ ရွာအုပ်ချုပ်ရေးသည် အသင်းတော် ၂ ခုဖြင့် အလိုက်ညီအောင် အုပ်ချုပ်ရေးကိစ္စရပ်များကို ဖြို့နယ်ဌာနများဖြင့် ပေါင်းစပ်ဆောင်ရွက်နိုင်မှုရှိပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကတ်ခင်းရွာတွင် လယ်မြေ ၁၀၅ဧက၊ ယာမြေ ၁၀.၂၅ ဧက၊ ရွာပိုင်သစ်တော ၃၇.၁၇ဧကဖြင့်စုစုပေါင်း ၁၅၂.၄ဧကဖြစ်ပါသည်။ ယာမြေများမှာ မူလကဓိရိုးဖလာ နည်းအားဖြင့်သာ ပိုင်ဆိုင်မှုသတ်မှတ်ပြီး လယ်၊ ယာမြေအမည်ပေါက်စာရင်း မပြုလုပ်ကြသောကြောင့် တပ်ချဲ့ထွင်ရေးအတွက် မြေယာများကို မြေလွတ်အဖြစ် သိမ်းယူသောကြောင့် ယာမြေများမကျန်ရှိတော့ ပေ။ စိုက်ပျိုးရေကို သရက်ချောင်းမှ နွေ၊ မိုးဆောင်း သုံးရာသီလုံးတွင် ၇၈ ဧကအတွက် လုံလောက်စွာရရှိ ပြီး တောင်ကျချောင်း ၄ ချောင်းနှင့်နီးသော လယ်ယာ၃၇ဧကမှာ ပိုမိုလုံလုံလောက်လောက်ရရှိကြပါသည်။

စပါးကို မိုးနှင့်နွေနှစ်ရာသီစလုံး စိုက်ပျိုးပြီးရွှေရင်အေးမျိုးကို လက်ရှိအချိန်တွင် အဓိကထားစိုက်ပျိုးကြပါသည်။ ပဲပုတ်ကို စိုက်ပျိုးကြသော်လည်း စီးပွားဖြစ်ထက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းက ပိုမိုများပြားပါသည်။ စပါးစိုက်ဧကစုစုပေါင်းမှာ ၁၅၂.၄ ဧက (ကောက်ယူသောနှစ်-၂၀၁၅)တွင် ပျှမ်းမျှတစ်ဧက ထွက်နှုန်းမှာ ၂၇.၅ တင်းဖြစ်သောကြောင့် စုစုပေါင်းမှာ ၂၆၆၇ တင်းဖြစ်ပါသည်။ နွေစပါးစိုက်ဧကမှာ ယာမြေ ၁၀ဧတွင်ဖြစ်ပြီး ပျှမ်းမျှထွက်နှုန်းကို ၂၇.၅ဧကအဖြစ်ဖော်ထုတ်ကြပါသည်။ အမှန်ဧကမှာ သစ်တောကြိုးဝိုင်းနီးစပ်များတွင် စိုက်ပျိုးနေသောဧကများကို ထည့်သွင်းတွက်ချက်ရမည်ဖြစ်ကာ လယ်၊ ယာမြေအဖြစ် စာရင်းမပေါက်သောကြောင့် အတိအကျရနိုင်ရန်ခက်ခဲပါသည်။ သို့သော်အမြတ်ရရှိနိုင်မှုမှာ အလယ်အလတ်ဖြစ်ကာ သွင်းအားစုလိုအပ်ချက်မှာလည်း လတ်အဆင့်သာဖြစ်ပါသည်။ သို့သော် စပါးကို အဓိကအားဖြင့် ဝမ်းစာအတွက်သာ စိုက်ပျိုးကြသည်ဆိုသဖြင့် အိမ်ထောင်စု ၉၄စုရှိရာ တစ်အိမ် ထောင်လျှင်၃၁.၃တင်းသာ တစ်နှစ်အတွက်ရရှိသည့်သဘောဖြစ်ပါသည်။

စုစုပေါင်းမှာ ၇၀ ဧကဖြစ်ပြီး ထွက် နှုန်းမှာ လယ်တစ်ဧကလျှင် ပျှမ်းမျှ ၅၅တင်း နှင့် ယာတစ်ဧကပျှမ်းမျှ ၁၇.၅ တင်းဖြစ်သောကြောင့် တစ် နှစ်စာပျှမ်းမျှစပါးရရှိ နိုင်မှုမှာ လယ်စပါး ၃၈၅၀



CS CamScanner

CS CamScanner

တင်းနှင့် ယာစပါး ၁၇၅တင်းဖြစ်ရာ စုစုပေါင်း ၄၀၂၅ တင်းဖြစ်ပါသည်။ ဆန်အနေဖြင့် တစ်ဝက်နှုန်းဖြင့်တွက်လျှင် ၂၀၁၂.၅ တင်းသာဖြစ်ရာ အိမ်ထောင်စု ၅၈စုအတွက် ဆန်ခွဲဝေမှုမှာ ၃၄.၇တင်းသာဖြစ်ပါသည်။ ပဲပုတ်စိုက်သူ များအမြားဝင်ငွေရနိုင်ပြီး ဈေးနှုန်းနှင့်စိုက်ဧကမှာ ယာမြေတွင်သာ အဓိကဖြစ်သဖြင့် အတိအကျပြောဆို နိုင်သူမရှိပါချေ။

ဈေးငွေကို မြန်မာလယ်ယာစိုက်ပျိုးရေးဘဏ်က ပုံစံ(၇)ရပြီးသားလယ်များကို အတိုးနှုန်း ၁.၅ ကျပ်ဖြင့် ဖလတာ ချေးပေးပါသည်။ ဝေါလ်ဗီရှင်း ငွေတိုးချေးပေးခြင်းရှိပြီး ၂.၅တိုးယူကာ ၉ လ တာချေးယူနိုင်ပါသည်။ ကတ်ဇင်း ၁ မှ ရှမ်းလုပ်ငန်းရှင်များထံမှလည်းချေးယူခြင်းရှိပြီး ၃ကျပ်တိုးဖြင့် အနည်းဆုံး ဖလ ချေးယူနိုင်ကြပါသည်။

မြေယာအကန့်အသတ်ကြောင့် မွေးမြူရေးကျဆင်းလာပြီး နွားမွေးမြူသူအိမ်ထောင်စု ၁၀ အိမ်တွင် ၄၈ ကောင်၊ ကျွဲမွေးမြူသူ ၂၅ အိမ်ရှိပြီး ကောင်ရေ ၄၃ကောင် နှင့် ဝက်နှင့်ကြက်ကို အိမ်အများစုက တစ်နိုင်မွေးမြူကြပါသည်။ လယ်ယာအစပ်များတွင် တိရစ္ဆာန်အစာ ပေါများပြီး ဝက်၊ ကြက်များအတွက် ရွာတွင်းတွင်ပင် အစားအစာလုံလောက်စွာရရှိနိုင်ပါသည်။ အသားအတွက် ပေါ်လိုပါက ကျိုင်းတုံမြို့မဈေးသို့ အခွန်ဆောင်ပြီး အခွင့်တောင်းခံရပါသည်။ တိရစ္ဆာန်အနာ ကျမှုများသော်လည်း သက်ဆိုင်ရာဌာနဖြစ်သော တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဖြင့် ပုံမှန်ချိတ်ဆက်မှု နည်းပါးပါသေးသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကတ်ဇင်း ရွာသည် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့်အဓိကတွေ့ရသည်မှာ အိမ်တိုင်းနီးပါး ပန်းဘဲလုပ်ငန်းနှင့် ဓါးအိမ်နှင့်ဓါးအိမ်အလှဆင်ခြင်းများတွင် ပါဝင်လုပ်ကိုင်သည်ကိုတွေ့ရပါသည်။ ရှမ်းရိုးရာ ခေါက်ဆွဲခရပ်ရောင်းသည့်ဆိုင် ၂ ဆိုင်၊ ကုန်စုံဆိုင် ၂ ဆိုင်၊ ဆမ့်လော့မောင်း ၂ အိမ်၊ ပန်း ရံ ၂အိမ်၊ စက်ချုပ် ၄အိမ်၊ ဆန်စက်(အသေး) ၁၂ အိမ်တို့ရှိပြီး သက်ကယ်ရိတ်သူ ၂ ဦးရှိပါသည်။ ပန်းဘဲ အိမ် ၂၀၊ ယက်ကန်း ၂ အိမ်တို့ဖြစ်ကြပါသည်။ ကျောင်းဆရာမ ၂ ဦး၊ မူကြိုဆရာမ ၁ဦး၊ ဓမ္မဆရာ ၁ဦး ဝန်ထမ်းအဖြစ်လုပ်ကိုင် နေကြပါသည်။ ရန်ကုန်မှပြောင်းရွှေ့လာသည့် ဆရာဝန်တစ်ဦးက ရွာတွင်ပြင်ပ ဆေးခန်း ဖွင့်လှစ်ထားကြောင်းတွေ့ရပါသည်။ ကျပမ်းလုပ်ကိုင်စားသောက်သူ ၈ ဦးသာရှိပါသည်။

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု**

ကျေးရွာတွင် ဆိုးရွားသည့် ကြီးမားသော သဘာဝဘေးအန္တရာယ်တစ်စုံတစ်ရာကြုံတွေ့ ရဖူးခြင်းမရှိသော်လည်း မိုးရာသီတောင်ကျ ချောင်းရေများလျှင် လယ်တွင်းရေလျှံခြင်းကို တွေ့ကြုံရပါသည်။ ကျေးရွာသဘာဝဘေးစီမံခန့်ခွဲမှုကော်မ တီဟူ၍ မရှိပါချေ။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်၊ ဝေါလ်ဗီရှင်းငွေချေးအစီအစဉ်တို့ ရှိပြီး ပုဂ္ဂလိကငွေချေးယူရာတွင်မူ ကပ်လျက်ရှမ်းရွာဖြစ်သော မိုင်းဇင်းတွင်သာချေးယူကြပါသည်။ အခြားငွေချေးဝန်ဆောင်မှုမရှိသေးပါချေ။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

မူလတန်းကျောင်းကို ၁၉၆၉ ခုနှစ်တွင် ကားလမ်းမဘေးတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပထမဦးဆုံးသော ၁၀တန်းအောင်သူမှာ မမေစိန်ဖြင့်သည်ဟု အမှတ်အသားရှိပါသည်။ ကတ်ဇင်း ၁ ရွာနှင့်ပေါင်းပြီး ၁၉၇၂-၇၃ စာသင်နှစ်တွင် အလယ်တန်း ကျောင်းခွဲရရှိထားကာ ကလေးများအားလုံးကို အနည်းဆုံးမူလတန်းပညာရေးပြီးဆုံးအောင် မိဘများ ကကြိုးစားထားပေးကြ ပါသည်။ ၂၀၀၂ ခုနှစ်တွင် မူကြိုကျောင်းဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၃.၀၁ဧကအ ကျယ်၊၁၃ခန်းတွဲ ၁၊ ၄ ခန်း တွဲ ၂၊ ၁၉၅×၁၅×၁၂-၁ ဆောင်၊ ၆၀×၁၅×၁၂ ၁ဆောင် ရှိပြီး တမံသလင်း ခင်း၊အုတ်ကာ၊သွပ်မိုးယှူပုံစံနှင့် ၁၃ခန်းပင်မ နှင့် ဘေးထွက် ၄ခန်းစီ ပါ သောအဆောင် ၂ ဆောင်ဖြင့် ကျောင်းဆရာမ ၁၃ ဦး ရှိပါသည်။ ဆရာ၊ ကျောင်းသားအချိုး ၁:၁၀ ဖြစ်ပါသည်။ ရွာအနေဖြင့် အလယ်တန်းနှင့် အထက်တန်းကို တက်ရောက်ရန်အခက်အခဲရှိသည်ဟု ဆိုကြပါသည်။ မိဘ၊ဆရာအသင်းဖွဲ့ထားပြီး ကတ်ဇင်းရွာမှလည်းပါဝင်ကာ အခန်းကဏ္ဍအားဖြင့် ကလေးများ အတွက် လိုအပ်သော ပံ့ပိုးမှုများပြုလုပ်ပေးကြပါသည်။ ကျောင်းကလိုအပ်သောကိစ္စရပ်များနှင့် ပရိဘောဂများ ပျက်စီးယိုယွင်းပါက လိုအပ် သလိုပြုပြင်ခြင်း၊ အစားထိုးခြင်းတို့ကို ပြုလုပ်ပေးပြီး ကျောင်းအစည်းအဝေးကို တစ်တစ်ကြိမ်တက်ရောက်ကြရပါသည်။

၂၀၀၁ခုနှစ်တွင် ကျေးလက်ကျန်းမာရေးဌာနစတင်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၆၈-၇၀ခုနှစ်တွင် ငှက်ဖျားရောဂါတစ်ရွာလုံးကျရောက်ခဲ့ဖူးကာ တောတောင်ထူထပ်ခဲ့ဖူးခြင်းကြောင့် မှဲ့ကလောင်၊ ဝမ်းလျှောရောဂါများ ဆိုးဝါးစွာဖြစ်ပွားခဲ့ဖူးပါသည်။ ထူးခြားသည်မှာ မကြာသေးမီနှစ်များအထိ ကတ်ဇင်းသည် ကျိုင်းတုံနှင့် နီးပြီး သွားလာရလွယ်ကူသော်လည်း ကပ်လျှက်ရှမ်းရွာသို့သာ အဓိကထားဆက်သွယ်ကြခြင်းဖြစ်ပါသည်။ အင်္ဂလိပ်ဆေးဝါးကိုပင် ၂၀၀၁ခုနှစ် ကျေးလက် ကျန်းမာရေးဌာန ဖွင့်လှစ်သောအခါမှသာ သောက်သုံးမှု များလာသည်ဟု ဆိုကြပါသည်။ တီဘီ၊ ဆီးချို၊ သွေးတိုး နှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားမှုအ များဆုံးဖြစ်ပြီး ဆေးခွဲလူနာများအတွက် နောက်ဆက်တွဲကူးစက်ရောဂါရနိုင်ခြေမြင့်မားသည်ဟု ဆိုကြပြီး ဝေါဇီးရှင်းမြန်မာနှင့် နှစ်ခြင်းသာသနာတို့ပူးပေါင်းပြီး ကျန်းမာရေးဌာနဖြင့်တွဲကာ ကျေးရွာလူထုအ ကြား ကျန်းမာရေးအသိအမြင့် ပိုမိုမြင့်မားလာရေးလုပ်ဆောင်မှုများရှိပါသည်။

၁၉၉၈ခုနှစ်တွင် ဟိုကွယ်အုပ်စုမှ စမ်းရေကို ပိုက်ပေါင်း ၁၅၀၀ အသုံးပြုပြီး စတင်ရေ သွယ်ခဲ့ကြပါသည်။ တစ်အိမ်လဆင် ၅၀၀၀ ကျပ်နှုန်းထည့်ဝင်ခဲ့ကြရာ ထပ်မံပေးသွင်းငွေ ၄၀၀၀ဖြင့် စုစုပေါင်း ၉၀၀၀ ကျပ် စီ ကျသင့်ခဲ့သော ကိုယ်ထူကိုယ်ထပိုက်သွယ်စနစ်ဖြစ်ပါသည်။ ယင်လုံအိမ်သာ ၇၆အိမ်တွင် ပေါင်းသုံး သည့်အိမ် ၆အိမ်ရှိကာ၊ ကျင်းတက် ၁၀အိမ် နှင့် တောထိုင် ၂ အိမ်ရှိပါသည်။ အမှိုက်စွန့်ပစ်မှုမှာ တစ်အိမ် ထောင်ချင်းစီသာ စီမံခန့်ခွဲကြပါသည်။



CamScanner
CamScanner

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာလူငယ်များသည် များသောအားဖြင့် ရိုးရာဓလေ့အရ တာဝန်ယူလေ့ရှိပြီး ပွဲတော် ကျေးရွာလူငယ်များသည် များသောအားဖြင့် ရိုးရာဓလေ့အရ တာဝန်ယူလေ့ရှိပြီး ပွဲတော်ချိုလိတ် နှင့် ကျေးရွာများတွင် အားလုံးပါဝင်ဆင်နွှဲကြပါသည်။ လားဟူရိုးရာပွဲများကို ကျိုင်းတုံ၊တာချီလိတ် နှင့် ကျေးရွာ များတွင် အားလုံးပါဝင်ဆင်နွှဲကြပါသည်။ ဘုရားကျောင်းကို တနင်္ဂနွေနေ့တိုင်းမှန်မှန်တက်ရပြီး လူငယ်ဝတ် အတွင်းတွင် ကျင်းပကြပါသည်။ ဘုရားကျောင်းကို တနင်္ဂနွေနေ့တိုင်းမှန်မှန်တက်ကာ စိုးရိမ်ဖွယ်အ နေအ ပြုချိန် သီးသန့်ရှိပါသည်။ လူငယ်များမူးယစ်ဆေးဝါးသုံးစွဲမှုနှုန်းမြင့်တက်ကာ စိုးရိမ်ဖွယ်အ နေအ ထားသို့ ရောက်ရှိနေကြောင်း ဖော်ထုတ်ဆွေးနွေးကြပါသည်။ ရွာအတွင်းရှိလူငယ် အမျိုးသားဦးရေ ၏ သုံးပုံနှစ်ပုံမှာ ယာမဆေးပြားသုံးစွဲမှုအနည်းနှင့်အများရှိကြသည်ဟု ဆိုကြပါသည်။ အထူးသဖြင့် လူငယ်၃ဝဦးခန့် မှာ ယာမဆေးပြား မသုံးရမနေနိုင်သည့်အဆင့်ထိ ရောက်ရှိနေပြီး ထိရောက်သည့် အရေးယူမှုများ မလုပ်နိုင်ကြခြင်းကြောင့် ရွာအတွက်အထူးသဖြင့် ကလေးများအတွက်စိုးရိမ် ကြောင့် ကြနေကြပါသည်။

(ဇ) အခြေခံ အဆောက်အဦ - (လက်လှမ်းမှီ ရယူမှု)၊ လမ်း၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ် ရေး

ကတ်ဖင်း ရွာတွင်းလမ်း ၁လမ်းနှင့်ချဉ်းကပ်လမ်း၁လမ်းရှိကာ ရွာတွင်းလမ်း၏ သုံးပုံ၂ပုံ ကွန်ကရစ်လမ်းဖြစ်ပါသည်။ သည် ကွန်ကရစ်လမ်းဖြစ်ပါသည်။ ကျေးရွာတွင်းလမ်း ပေ၈ဝဝ သည် ကွန်ကရစ်လမ်းဖြစ်ပါသည်။ ကွန်ကရစ် မြောင်း ၉လုံး ၂လိုင်းခွဲကာ ထည့်သွင်းတည်ဆောက်ခဲ့ပြီး အချင်း ၃ပေအရှည်၄ပေရှိပါသည်။ လမ်းနှင့်မြောင်းများအားလုံးကို ၂၀၁၃ ခုနှစ်က မြို့နယ်ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုအဖွဲ့က တည်ဆောက်ပေး သည်ဟုမှတ်သားကြပါသည်။

ဆိုလာပြားများဖြင့် လျှပ်စစ်ဓါတ်အားရယူကြပြီး စုစုပေါင်း ၅၃အိမ်ရယူသုံးစွဲပါသည်။ အသေးစားရေ အားထုတ်ယူသုံးစွဲနေသည့်အိမ် ၁ အိမ်ရှိကာ ဒီဇယ်အင်ဂျင်သုံးစွဲသူ ၂၁အိမ်ရှိပါသည်။ ဒီဇယ်အင်ဂျင်ဖြင့် သုံးစွဲရာတွင် မီးအားကောင်းမွန်ပြီး ၁ ပွင့်လျှင် ၁လ ၃ ထောင်ဖြင့် သုံးစွဲနေ သည်မှာ ၄ နှစ်ခန့်ရှိပြီဖြစ်ပါ သည်။ ကျန်အိမ် ၂၀မှာ လျှပ်စစ်မီးမသုံးစွဲနိုင်သေးပါချေ။

တယ်လီဖုန်း ၁၁၆လုံးရှိသဖြင့် ကျေးရွာအိမ်ထောင်စုတိုင်း သုံးစွဲသည်ဟု ဆိုနိုင်ပါသည်။ အင်တာနက်ကို လူငယ်များက အများစုသုံးစွဲကြပါသည်။ စလောင်း ၇ အိမ်၊ တီဗီ ၅၆အိမ် နှင့် ရေဒီယို ၁၈အိမ်ဖော်ပြကာ သတင်းအချက်အလက်ကို ရယူကြသည်ဟုဆိုပါသည်။ ဝေါလ်ဗီးရှင်းနှင့် တွဲဖက်ပြီး ဓမ္မဆရာများက စိုက် ပျိုးရေးပညာပေး၊ ကျန်းမာရေးပညာပေး အစီအစဉ်များမှလည်း အသိပညာများရရှိကြပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကတ်ဖင်း ရွာသည် သာမန်အားဖြင့် ပဋိပက္ခမရှိပဲ ငြိမ်းချမ်းပါသည်။ ကျိုင်းတုံနှင့်နီးကပ်ပြီး အချိန်မရွေး ရဲစခန်းများကို လက်လှမ်းမီပါသည်။ မူးယစ်မှု ကြောင့် ရွာမှထွက်ပြေးရသူ တစ်ဦးရှိပြီး လူမှုစီးပွား မတည်ငြိမ်မှုအချို့ရှိပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက်လာ စေရန် လုပ်ဆောင်ပေးနိုင်မှုနှင့် တက်ကြွစွာပူပေါင်းပါဝင်လာစေရန် ဦးစီးဆောင်ရွက်နိုင်မှုတို့မှာ



CS CamScanner
CS CamScanner

အဓိကအချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဓိကအချက်ကို ဖော်ဆောင် နိုင်မည့်နည်းလမ်းသို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရှိထားရန် အရေးကြီးပါသည်။ ကျေးရွာအတွင်းလက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ၊ ကြုံတွေ့နေရသော အခက်အခဲနှင့် စိန်ခေါ်ချက်များ၊ နောင်လိုလားအပ်သည့် ဖွံ့ဖြိုးတိုးတက်မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မည်ပုံ ဖော်ဆောင်မည် စသည့်တို့သည်ပင် ဖွံ့ဖြိုးရေးဗျူဟာအတွင်း ကြောင်းကျိုးဆက်စပ် ပါဝင်ရမည် ဖြစ်ပါသည်။

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

ကတ်ဇင်း ရွာသည် ကျိုင်းတုံမြို့မှ ၇ မိုင်ခန့်အကွာ ကျိုင်းတုံ-တာချီလိတ် လမ်းပေါ်တွင်ရှိပြီး မြို့နှင့်တစ် ဆက်တည်းလိုဖြစ်ကာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ လမ်းပန်းဆက်သွယ်ရေးနှင့် တယ်လီဖုန်းဆက်သွယ်ရေးများ ကောင်းမွန်ခေတ်မီပြီး အများစုသုံးစွဲနိုင်ကြပါသည်။ ကတ်ဇင်း ၂ ရွာသည် ရွာပိုင်းပုံဖြစ်နေပြီး အားသာချက်မှာ ကျေးရွာတစ်ခုလုံးသည် သစ်တောဧရိယာအတွင်းသို့ ကျရောက်နေပြီး ရွာပိုင်သစ်တောဧက ၄၀ ကျော်နီးပါးကို ထိန်းသိမ်းထားနိုင်ဆဲဖြစ်ပါသည်။ အင်ကြင်း၊ ရင့်ကူ၊ ကျွန်း အပင်၃၀၀ ပြန်စိုက်၊ မန်ကျည်းပင်ပေါများ၊ သက်ကယ်၊ မြက်၊ ကောက်ရိုးများရနိုင်ပါသည်။ ကပ်လျက်ဖြစ်သော မိုင်းဇင်းရွာ အလယ်တန်းကျောင်းခွဲတွင် ထားကြပြီး ၁၀ တန်းကို ကျိုင်းတုံမြို့ပေါ်နှင့် တောင်ကြီးမြို့များသို့ မိမိတို့နီးစပ်ရာထားကြပါသည်။ မြို့နှင့်ဆက်စပ်မှု ကျယ်ပြန့်လာသည်နှင့်အမျှ အခြေခံပညာကို ပိုမိုအလေးပေးသင်ယူလိုလာကြပြီး အားသာချက်မှာ မူကြိုကျောင်းလေး တစ်ခုအားကောင်းစွာလည် ပါတ်နေခြင်းနှင့် မြန်မာစကားနားလည်ဆက်သွယ်နိုင်မှုများခြင်းဖြစ်ပါသည်။ ရွာအတွင်း ပုဂ္ဂလိက ဆေးခန်းတစ်ခုကို ရန်ကုန်မှ လာသောဆရာဝန်တစ်ဦးက ဖွင့်လှစ်ထားခြင်းကြောင့် လက်လှမ်းမီရ ယူနိုင်မှု အခွင့်အလမ်းကောင်းပါသည်။ ကျိုင်းတုံနှင့်မဝေးသည့် အပြင် လမ်းပန်းကောင်းမွန်ခြင်းကြောင့် အချိန်မရွေး ဆက်သွယ်သွားလာနိုင်ပါသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှုများ**

ကတ်ဇင်း ၂ ရွာသည် တစ်ရွာလုံးသစ်တောဧရိယာအ တွင်းသို့ကျရောက်နေခြင်းကြောင့် လယ်၊ ယာမြေများ ထပ်မံချဲ့ထွင်ရန်မဖြစ်နိုင်တော့ချေ။ ကျေးရွာပိုင်သစ် တော ဧက၄၀ခန့်မှာလည်း ထိန်းသိမ်းထားရန်လိုအပ်ပြီး လူဦးရေတိုးပွားလာပါက ထပ်မံချဲ့ထွင်ရန်အတွက် လိုအပ်မှုများပါသည်။ ရေလွှမ်းမိုးခြင်းကြောင့် နှစ်စဉ်မိုးရာသီတွင် ချောင်းနားနီးလယ်များ သီးနှံပျက်စီးခြင်းကို ကြုံရပြီး တစ်ဦးချင်း တုံ့ပြန်နေရပြီး ကျေးရွာအလိုက်အရေးပေါ်အခြေအနေ တုံ့ပြန်မှုအစီအစဉ်မရှိသေးပါ။ ကတ်ဇင်း ၁ ရွာနှင့် လူမျိုးစုချင်းချိတ်ဆက်မှုကို သာ အားထားလေ့ရှိပြီး ဝေါလ်ဗီးရှင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့သည် အသစ်ဖြစ်ပေါ်သော ချိတ်ဆက်မှုများဖြစ်ကာ ယေဘုယျအားဖြင့် စနစ်ကျ သောလက်လှမ်းမီမှုမျိုးလိုအပ်ပါသည်။ ကျိုင်းတုံနှင့်နီးပြီး ကျိုင်းတုံမြို့မှ သက်ဆိုင်ရာဌာနများဖြင့် ပုံမှန်ချိတ်ဆက်မှုအားနည်းနေသေးခြင်းဖြစ်သည်။ ပန်းဘဲလုပ်ငန်းကိုရွာသုံး ပုံနှစ်ပုံခန့်ကလုပ်ကိုင်ပြီး လားဟူရိုးရာအထည်ရက်လုပ်ငန်းကိုအိမ်ခြေအနည်းငယ်ကသာလုပ်



CS CamScanner

CS CamScanner

ကိုင်ကြပြီး ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်အခြေအနေကို နားမလည်ခြင်းစသည်တို့ ကြောင့်ဈေးကွက်သို့တိုက်ရိုက်ချိတ်ဆက်ရန် မရှိပုံပဲ ဖြစ်နေပါသည်။

## ၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင် နှင့် ဗျူဟာ

ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထု ပူးပေါင်းဖော်လုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက်ရှိရေးအကောင်အထည် ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ထားခဲ့ကြပါသည်။

### (က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်းရိုးရှင်းစွာချမှတ်ထားပါသည်။

(၁) ကျေးရွာဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုကိုပိုမိုပွင့်လင်းမြင်သာပြီးတာဝန်ခံယူမှုရှိစေရန်စွမ်းဆောင်ရည်မြှင့်တင်ခြင်း

(၂) စိုက်ပျိုးရေးမွေးမြူရေးနည်းပညာများရရှိစေရေး သက်ဆိုင်ရာဌာနများဖြင့် ပိုမိုပေါင်းစပ်လုပ် ဆောင်ခြင်းဖြင့် သီးနှံသားငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန်

(၃) ပန်းဘဲနှင့်အထည်ရက်လုပ်ခြင်းလုပ်ငန်းများကို တိုက်ရိုက်ဈေးကွက်ချိတ်ဆက်မှုကို ပိုမို လက်လှမ်း မီစေရေးဆောင်ရွက်ခြင်းဖြင့် ဝင်ငွေပိုမိုရရှိလာနိုင်စေရန်

(၄) ကလေးများပညာရေးကို ပိုမိုလုံခြုံစိတ်ချစွာ သင်ကြားရယူနိုင်ရေး ဆောင်ရွက်ရန်

### (ခ) နည်းဗျူဟာ

လက်တွေ့ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကိုကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

ကျေးရွာအတွင်း ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေး၊ ဖွဲ့စည်းထား ရှိပြီးဖြစ်သော ကျေးရွာဖွံ့ဖြိုးမှုကော်မတီ တို့က သက်ဆိုင်ရာဌာနများဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ချိတ်ဆက်ကြမည်ဖြစ်ပါသည်။ ယင်းကော်မတီအနေဖြင့် ကျေးရွာအတွင်းရှိ သက်ဆိုင်ရာ ကျေးရွာအခြေပြုအဖွဲ့အစည်းများဖြင့် တွဲဖက်ကာသင့်လျော်သည့် ကျေးရွာသူ၊ ကျေးရွာသားများပူးပေါင်းပါဝင် နိုင်မည့်အချိန်များကို ဖော်ထုတ်သတ်မှတ်ကာ ဖွံ့ဖြိုးရေးစီမံကိန်း များကိုရေးဆွဲခြင်း၊ ကြီးကြပ်အကောင်အထည်ဖော်ခြင်း၊ ကျေးရွာလူထုသို့စီမံကိန်းအကောင် ထည်ဖော်မှုအခြေ



CamScanner
CamScanner

အနေများကို စာရင်းဇယားနှင့်တကွတင်ပြခြင်း၊ အမေးအဖြေပြုခြင်းများဖြင့် ဆက်လက်တိုးတက် လုပ်ကိုင်မည်ဖြစ်သည်။

သက်ဆိုင်ရာ ဦးစားပေးကဏ္ဍများဖြစ်သော စီမံအုပ်ချုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ အသက်မွေးဝမ်းကြောင်းဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ငွေကြေးဝန်ဆောင်မှုကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ လူငယ်ယဉ်ကျေးမှုနှင့်အမျိုးသမီးကဏ္ဍစသည်တို့ကို အမှန်တကယ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နည်းပညာများရရှိလက်လှမ်းမီရန်နှင့် အထောက်အပံ့များရရှိစေရန် သက်ဆိုင်ရာဌာနများ၏ ချိတ်ဆက်ပံ့ပိုးပေးမှုများအလွန်လိုအပ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန နကျိုင်းတုံမြို့နယ်ဌာနများ၊ အထက်ရိုင်ပြည်နယ်နှင့်တိုင်းပြည်တောင်စု အဆင့်မှဝါများဖြင့်ချိတ်ဆက်မိမိ ဟန်ချက် ညီညီအကောင်ထည်ဖော်နိုင်ရန်လိုအပ်ပါသည်။

ကတ်ဇင်းရွာကို နှစ်ခြင်းသာသနာနှင့် ရိုမန်ကတ်သလစ်သာသနာများ ရှေ့နောက်ဆင့် ဝင်ရောက်ပြီး အသင်းတော်များထူထောင်ကာ ကျေးရွာသူ၊သားများကို အသင်းတော်အဖွဲ့ဝင်ဖြစ်စေခဲ့ပြီး ယင်းအဖွဲ့ ၂ ဖွဲ့သည် ရွာအတွင်း အကြီးမားဆုံးသောအဖွဲ့များဖြစ်ပါသည်။ သို့သော် လူငယ်အဖွဲ့၊ ပြည်သူ့စစ်အဖွဲ့၊အုပ်ချုပ် ရေးအဖွဲ့တို့သည် သက်ဆိုင်ရာအစိုးရဌာနများဖြင့် ချိတ်ဆက်ရေးအတွက် ဖွဲ့စည်းထားသောအဖွဲ့များဖြစ်ကြပါသည်။ နှစ်ခြင်းသာသနာနှင့်ချိတ်ဆက်ပြီး ဝေါ်ဗီရှင်း မြန်မာ (World Vision Myanmar International) က ကျေးရွာအတွင်းတွင် ဖွံ့ဖြိုးရေးလုပ်ငန်းအချို့လုပ်ဆောင်ထားပါသည်။ ယင်းတို့တွင် စိုက်ပျိုးရေးနည်းပညာပေးခြင်း၊ မိခင်ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးများကို ချေးငွေချထားပေးခြင်းတို့ပါဝင်ပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးရေးအတွေးအမြင်နှင့်အတွေ့အကြုံကို ခရစ်ယာန်သာသနာအား အခြေပြုပြီး ရရှိထားပါသည်။ သို့သော် ပိုမိုဖွံ့ဖြိုးလာစေရေး အထူးသဖြင့် ရှမ်းဗုဒ္ဓဘာသာများနှင့်အခြား အခါ -ဗမာ၊အခါ-လားဟူ စသည် လူနည်းစုများအားလုံးအကျုံးဝင်နိုင်လာစေရေးအတွက် အသစ်ဖွဲ့စည်း ထားသော ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ကျေးရွာအုပ်ချုပ်ရေးနှင့်အတူလက်တွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များတွင် ပိုမိုကိုယ်စားပြုပါဝင်မည်ဖြစ်ပါသည်။ စီမံအုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည်များကို လည်းပိုမိုလေ့လာသင်ယူပြီးပွင့်လင်းမြင်သာတာဝန်ခံယူမှုရှိစေရန် ဆောင်ရွက်မည်ဖြစ်ပါသည်။

ကတ်ဇင်းရွာ၏ စိုက်ပျိုးရေးကဏ္ဍတွက် လတ်တလောစိန်ခေါ်ချက်ထက် ရေရှည်ဖြစ်လာမည့် မြေယာအကန့်အသတ်ရှိခြင်းကကျေးရွာကို သက်ဆိုင်ရာဝန်ဆောင်မှုပေးမည့်ဌာနများဖြင့် ချိတ်ဆက်နိုင်ရန်လိုအပ်ကြောင်းပြဆိုနေပါသည်။ မွေးမြူရေးကဏ္ဍတွင်လည်း အလားတူချိတ်ဆက်ရန် လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် လုပ်ငန်းကဏ္ဍအလိုက် အကျိုးသက်ဆိုင်သူများဖြင့် တိုင်ပင်ဆွေးနွေးခြင်း၊ သက်ဆိုင်ရာဌာနများသို့ တင်ပြအကူအညီတောင်းခံခြင်းများ ပြုလုပ်မည်ဖြစ်ပါသည်။

ကျေးရွာစတင်တည်ထောင်စဉ်မှစ၍ ယနေ့အထိစွဲစွဲမြဲမြဲ မိရိုးဖလာလုပ်ကိုင်လာသော ပန်းဘဲလုပ်ငန်းသည် ယခုအခါ ကျိုင်းတုံမြို့ပေါ်မှ သူဌေးတစ်ယောက်၏ ပံ့ပိုးကူညီမှုဖြင့် လုပ်ငန်းများ ပိုမိုရရှိလာပါသည်။ သို့သော် ယင်းကိုပိုမိုတိုးတက်ပြီး ဈေးကွက်နှင့်တိုက်ရိုက်ချိတ်ဆက်မှုရရှိစေခြင်း၊



CamScanner
CamScanner

ဒီဇိုင်းနှင့်နည်းပညာ ဆန်းသစ်စေခြင်း၊ သွင်းအားစု(ဥပမာ သံ) လိုအပ်ချက်များကို ဈေးကွက်တိုက်ရိုက်ချိတ်ဆက်ပြီး ဈေးနှုန်း သက်သာစွာ ရရှိစေရန်ဆောင်ရွက်ခြင်းများအားဖြင့် ရှိပြီးဈေးကွက်ကို ပိုမိုနိုင်မာတောင့်တင်းစေပြီး အကျိုးအမြတ်ခံစားမှုကိုလည်း ပိုမိုထိရောက်စွာခွဲဝေနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ဈေးကွက်လိုအပ်ချက်ကို အချိန်နှင့်တပြေးညီ သိရှိဖြည့်ဆည်းနိုင်ရေးကိုလည်း ကျေးရွာအနေဖြင့် သင်ယူရရှိနိုင်မည်ဖြစ်ပါသည်။

ကလေးငယ်များ ပိုမိုလုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ရေး၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီရရှိနိုင်ရေး သက်ဆိုင်ရာကျေးရွာများ၊ ဆရာ၊ ဆရာများနှင့်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။

ကျေးရွာလမ်း၊တံတား၊ရေမီး စသည်အခြေခံအဆောက်အဦများပိုမိုတိုးတက်လာနိုင်စေရေးအတွက် ကျေးရွာအုပ်ချုပ်ရေး၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့ ပူးပေါင်းပြီး ကျေးလက်ဒေသတိုးတက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျိုင်းတုံစည်ပင်သာယာရေးအဖွဲ့တို့အပြင် ကျိုင်းတုံဖွံ့ဖြိုးရေး နှင့်အထောက်အကူပြုအဖွဲ့တို့ကဲ့သို့သော အကူအညီပေးနိုင်မည့်အဖွဲ့အစည်းများ လူပုဂ္ဂိုလ်များဖြင့် ပူးပေါင်းပြီး တစ်ဆင့်ချင်းရွာ၏တတ်နိုင်အားဖြင့် ချိန်ထိုးညှိနှိုင်းကာသက်ဆိုင်ရာ ဘတ်ဂျက်နှစ်အလိုက်ဌာနများသို့ တင်ပြဆောင်ရွက်ပြီးဘတ်ဂျက်ရရှိပါကအကောင်ထည်ဖော်ဆောင်ရွက်မည်ဖြစ် ပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ် ပေးနိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။



CamScanner
CamScanner

**(ခ) စိုက်ပျိုးရေး၊သစ်တော၊လယ်ယာမြေစီမံခန့်ခွဲရေးစာရင်းအင်းနှင့်ဆည်မြောင်းဦးစီးဌာနများ**

ကျေးရွာ၏ စိုက်ပျိုးမြေနှင့်ရေကို ပိုပိုထိရောက်စွာ စီမံခန့်ခွဲအသုံးချနိုင်ပြီး ထွက်နှုန်းတိုးကာ အမှန်တကယ် စိုက်ပျိုးသူ လယ်သမားများ အကောင်းဆုံးအကျိုးတရားခံစားရနိုင်ရေးတို့ကို ဦးတည်ပြီးသက်ဆိုင် ရာဌာနများဖြစ်သော စိုက်ပျိုးရေးဌာန၊ လယ်ယာမြေစီမံခန့်ခွဲ ရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ဆည် မြောင်းဦးစီးဌာနတို့ဖြင့် ပေါင်းစပ်ကာ စိုက်ပျိုးရေး ခေတ်မီနည်းပညာများရရှိနိုင်ရေး (သဘာဝ မြေသြဇာသုံးစွဲသော) ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းမှထွက်သော သီးနှံများကို ဈေးကွက် ရရှိနိုင်ရေးအတွက် ကျိုင်းတုံစည်ပင်သာယာ၊ ဟိုတယ်နှင့်ခရီးတို့ကဲ့သို့သော ဌာနများဖြင့် ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

တိုင်းရင်းသားရေးရာဝန်ကြီး၊ လားဟူရိုးရာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့နှင့် အခြားအရပ်ဖက် လူမှုအဖွဲ့ အစည်းများ- အခါရိုးရာလေ့များထိန်းသိမ်းရေးနှင့် ယင်းသို့ထိန်းသိမ်းခြင်းနှင့်အတူ တစ်ဖက်တစ် လမ်းမှလည်း ဝင်ငွေရရှိနိုင်ရေးအတွက် ရိုးရာအထည်များကို ခေတ်မှီဈေးကွက်အဆင့်အတန်းဝင်အောင် ဆန်းသစ်ဆောင်ရွက်ခြင်း၊ ကျိုင်းတုံမြို့၏ ရှိပြီးဖြစ်သော ခရီးသွားကဏ္ဍတွင် သဘာဝပတ်ဝန်းကျင်နှင့် ရိုးရာယဉ်ကျေးမှုကို မထိခိုက်စေသော ခရီးသွားလုပ်ငန်းများထွန်းကားလာရေးများတွင် ပိုမိုပေါင်းစပ် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဝေါ်ဗီရှင်းမြန်မာက မျိုးစေ့ချပေးခဲ့သော အမျိုးသမီးငွေစုငွေချေးအဖွဲ့သည် ကတ်ဖင်းရွာ၏ ကျေးရွာအခြေပြု အသက်မွေးဝမ်းကျောင်းဝန်ဆောင်မှု လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး ယင်းကိုအခြေခံကာ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ အထူးသဖြင့် အမျိုးသမီးများဦးဆောင်သည့် တစ်နိုင်ငွေစု လုပ်ငန်းများကို လားဟူရိုးရာအထည်ဒီဇိုင်းဆန်းသစ် ရက်လုပ်ခြင်း၊ ဈေးကွက်ရှာခြင်းများအတွက် ပိုမိုတိုးတက်လုပ် ဆောင်နိုင်စေသင့်ပါသည်။ မြစိမ်းရောင်ချေးငွေကဲ့သို့သော ကျေးရွာအစီအစဉ်ဖြင့် အဓိကစီမံခန့်ခွဲသော ငွေကြေးဝန်ဆောင်မှုအစီအစဉ်မျိုးဖြင့် စနစ်တကျချိတ်ဆက်နိုင်အောင် ကျေးရွာအခြေပြုအဖွဲ့များ၏စွမ်းဆောင်ရည်ကို မြှင့်တင်တည်ဆောက်ပေးသင့်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနတို့က ပူးပေါင်းဦးဆောင်ပြီးထိုကဲ့သို့အဖွဲ့ငယ်များ စုစည်းပြင်ဆင်နိုင်အောင်ပြုလုပ်ပေးခြင်းအားဖြင့် ငွေကြေးဝန်ဆောင်မှုပေးသော ဘဏ်လုပ်ငန်းစသည်တို့ဖြင့် ချိတ်ဆက်နိုင်စေမည်ဖြစ်ပါသည်။

**(ဃ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် အခြားကူညီထောက်ပံ့ပေးနိုင်သော အဖွဲ့အစည်းများ**

ကျေးရွာအတွင်း ဖွံ့ဖြိုးရေးအမြင်များပွင့်လင်းလာသည်နှင့်အမျှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအနေဖြင့် ကျေးရွာလူထုလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်မည့် စွမ်းဆောင်ရည်များတည်ဆောက်ရန်လိုအပ်ပါသည်။ ယင်းကို ဆောင်ရွက်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး



CamScanner
CamScanner

ဦးစီးဌာနနှင့် အခြားကူညီထောက်ပံ့ပေးနိုင်သောအဖွဲ့အစည်းများဖြင့် ချိတ်ဆက်ကာ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုပွင့်လင်းမြင်သာစွာနှင့် တာဝန်ခံယူမှုရှိစွာ ဆောင်ရွက်သွားနိုင်စေမည်ဖြစ်ပါသည်။

(င) အလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

အသေးစားစက်မှုလုပ်ငန်းများကို ဒေသကွင်းလိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများဖြင့် ချိတ်ဆက် ကာ ထောက်ပံ့ပေးပါက လူမှုစီးပွားဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင်မှု ကျေးရွာအနေ ဖြင့် ယင်းအထောက်အပံ့များကို လက်လှမ်းမီနိုင်ခြင်းမရှိသေးပါချေ။ အမျိုးသမီး အနည်းငယ်ကမူ စက်ချုပ်လုပ်ငန်းကို စိတ်ပါဝင်စားမှုရှိကြပြီး အခြားသီးနှံထုတ်လုပ်မှုနှင့် ဆက်စပ်သောဒေသတစ်နိုင် စက်မှုလုပ်ငန်းများ ဥပမာ- ပြောင်းနှင့် အာလူးကို အသင့်စားသုံးနိုင်သော ထုတ်ကုန် တစ်မျိုးမျိုးအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းမျိုးဖြစ်ပါသည်။ ယင်းကတန်ဖိုးပြောင်းလဲမှုကိုဖော် ဆောင်ပေး နိုင်သည်ဖြစ်သောကြောင့် ဒေသလူမှုစီးပွားဈေးကွက်တစ်ခုပေါ်ထွန်း လာစေနိုင်ပါသည်။

ယင်းကို မူဝါဒအထောက်အပံ့အဖြစ် သက်ဆိုင်ရာအထက်အဆင့်များက ချိတ်ဆက်ကူညီနိုင်ရန်အရေးကြီးပါသည်။ အသေးစားချေးငွေလုပ်ငန်းကိုဆောင်ရွက်ရာတွင် အဓိကဖော်ထုတ် သောစိန်ခေါ်ချက်မှာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းရှားပါးခြင်းဖြစ်ပါသည်။ ဝင်ငွေရလုပ်ငန်းမရှိပဲ မည်သည့်အစီအစဉ်ဖြင့် ငွေချေးသည်ဖြစ်စေ အလုပ်မလုပ်နိုင်ခြင်းကြောင့် ဝင်ငွေမရတော့ပဲ ပြန်မဆပ်နိုင်လျှင်တိုးရင်းပေါင်းဆင့်ကာ အခြေအနေပိုမိုဆိုးရွားသွားစေနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ချေးငွေအစီအစဉ်များကို အသက်မွေးဝမ်းကြောင်း အခွင့်အလမ်းဖန်တီးခြင်းဖြင့် ချိတ်ဆက် အကောင်ထည်ဖော်ရန်လိုပါသည်။ ထို့ပြင် အသက်မွေးဝမ်းကြောင့်အခွင့်အလမ်း ဖန်တီးခြင်းသည် ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန်လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာ များအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

### (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ် ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာ လူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ



CamScanner
CamScanner

ပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း ငါးနှစ်တာ အတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေး ပေါ် ကိစ္စများနှင့် အစိုးရာဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ် ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို** ပြင်ဆင်ရမည် ဖြစ်ပါသည်။

**ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း**

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင်များစွာ အထောက်အ ကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ် ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက်လိုအပ်ပါသည်။

**ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

(၁) ငွေကြေးရင်းနှီးမြှုပ်နှံမှုများ(Capital Investment) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်း များနှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေ ရင်းနှီးမြှုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) အရေးပေါ် အထောက်အပံ့ နှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ



CamScanner

CamScanner

(ဂ) ဦးစားပေးစိမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ် အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။



CamScanner

CamScanner

ကတ်ဇင်း ကျေးရွာ၊ကျိုင်းတုံမြို့နယ်၏ ဦးစားပေးစီမံချက်အခြေပြဇယား

| ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| *စီမံခန့်ခွဲမှုကဏ္ဍ* | | | | |
| ခွမ်းဆောင်ရည်ဖွံ့ဖြိုးမှု | စီမံအုပ်ချုပ်မှုသင်တန်း | ၅ | ၆ | ကျေးရွာအတွင်း စီမံအုပ်ချုပ်မှုကဏ္ဍအတွက် အားနည်းချက်များဖော်ထုတ်ရာတွင် အဓိကအဖြစ် ကျေးရွာကသိရှိနားလည်ပြီးဖြစ်သည်ဟု ယူဆပြီးလုပ်ငန်းများလုပ်ဆောင်ခြင်းကို ပိုမိုတိုးတက်လာစေရန်ရည်ရွယ်ပြီး ၂၀၁၆ ခုနှစ်မှစတင်ကာ ကျေးရွာဖွံ့ဖြိုးရေး ကိစ္စရပ်များတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပြီး သင်ယူလေ့ကျင့်မည် လုပ်ငန်းရပ်ဖြစ်ပါသည်။ |
| *စိုက်ပျိုးရေးကဏ္ဍ* | | | | |
| နည်းပညာ- | စိုက်ပျိုးရေးသင်တန်း-ခရုနှိမ်နင်းရေး | ၄ | ၇ | ခရုဖျက်ခြင်းကို ကြုံတွေ့ရမှုများပြီး နှိမ်နင်းနည်းပေါင်းစုံခဲ့ကာ စိုက်ပျိုးရေးဌာနဖြင့်မှု ချိတ်ဆက်မှုနည်းပါးခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ၂၀၁၆ခုနှစ်မှစတင်ကာ လယ်သမားများနှင့်ဌာနတို့အကြား ချိတ်ဆက်မှု စတင်လုပ်ဆောင်မည့် လုပ်ငန်းရပ်ဖြစ်ပါသည်။ ထိုသို့ဖျက်ပိုးများနှိမ်နင်းခြင်းနှင့် အလားတူပညာရပ်များကို ရရှိပြန့်ပွားနိုင်ရန် ရည်ရွယ်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီက လယ်၊ ယာသမားများနှင့်ပူး ပေါင်းပြီး ကျေးရွာအုပ်ချုပ်ရေးဖြင့် ပေါင်းစပ်ကာသက်ဆိုင်ရာဌာနသို့ အကူအညီတောင်းပြီးသင်တန်းများတက်ရောက်ခြင်း သို့မဟုတ် နည်းပညာအထောက်အကူပြု ဟောပြောပွဲများပြုလုပ်ပေးခြင်း စသည်တို့ကို ဆက်လက်ဆောင်ရွက်ရန် ရည်ရွယ်သည်။ |
| *မွေးမြူရေးကဏ္ဍ* | | | | |
| နည်းပညာ | မွေးမြူရေးသင်တန်း | ၈ | ၃ | သစ်တောများအတွင်း စားကျက်မြေများရှိသေးခြင်း နှင့် လယ်နားချိန်လုပ်ကိုင်လိုသူများကာ ကျွဲ၊ နွားရောင်းဝယ်သည့် လမ်းကြောင်းနှင့်နီးစပ်ခြင်းတို့ကြောင့်လုပ်ကိုင်လိုကြခြင်းဖြစ်ပါသည်။ ဝက်ကို ပွဲတော်များတွင်အသုံးများပြီး ရွာအချင်းချင်း ကြားတွင် |

| ကဏ္ဍ/လုပ်ငန်း<br>ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | | ပင် လုံလောက်သောဈေးကွက်ရနိုင်သည့်အခြေအနေ ဖြစ်သောကြောင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ကာ စနစ်တကျ မွေးမြူပြီး အရင်းအနှီးရယူလိုသောရည်ရွယ်ချက်ဖြင့် လုပ်ဆောင်မည့်လုပ်ငန်းရပ်ဖြစ်ပါသည်။ ၂၀၁၆မှ ၂၀၁၈ အ တွင်းအကောင်ထည်ဖော်ရန်လျာထားပြီး စိတ်ဝင်စားသူအိမ် ထောင်စုများဖြင့် ဦးစွာအကောင်ထည်ဖော်မည်ဖြစ်ပါသည်။ |
| *စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းများကဏ္ဍ* | | | | |
| ချေးငွေ | အသက်မွေးဝမ်းကြောင်းနှင့် | ၈ | ၃ | ပန်းဘဲလုပ်ငန်းသည် ခရီးသွားလုပ်ငန်းဖြင့် တစ်ဆင့်ဆက်စပ်ကာအနည်းငယ်တွင် ကျယ်လာသောအနေအထားဖြစ်ပါသည်။ လက်ရှိတွင် ကျိုင်းတုံမှလုပ်ငန်းရှင်က အရင်းနှင့်လိုအပ်သော ပစ္စည်းများဆောက်ပုံကာ ဓါးတစ်မျိုးတည်းကိုသာ ထုတ်လုပ်ပြီး ပြန်လည်ဝယ်ယူပေးပါသည်။ ဓါးအိမ်ကိုလားဟူရိုးရာပုံစံဖြင့် လက်မှုထုတ်ကုန်ထုတ်လုပ်ကာ အိမ်တိုင်းနီးပါးလုပ်ကိုင်ကြပါသည်။ ထို့ကြောင့် ဈေးကွက်ပိုမိုချဲ့ထွင်နိုင်ရန်အလားအလာ များသောကြောင့် အရင်းအနှီးရရှိစေရန်အတွက် အသက်မွေးဝမ်းကြောင်းချေးငွေတစ်ခု မတည်လည်ပါတ်နိုင်ရန်ရည်ရွယ်သည့် လုပ်ငန်းရပ်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ကာ အရင်းအနှီးလိုသည့် ပန်းဘဲအိမ်ထောင်စုများနှင့်ပူးပေါင်းပြီး သမ(သို့)မြစ်မ်းရောင် လည်ပါတ်ရံပုံငွေကဲ့သို့သော ချေးငွေပေးနိုင်မည့် အဖွဲ့အစည်းများကို ရှာဖွေချိတ်ဆက်လို သောလုပ်ငန်းရပ်ဖြစ်ပါသည်။ ၂၀၁၆ခုနှစ်မှစတင်ကာ လုပ်ဆောင်မည်ဖြစ်ပါသည်။ |
| | စိုက်ပျိုးမွေးမြူရေး ချေးငွေ | | | စိုက်ပျိုးရေးနှင့် မွေးမြူရေးတိုးချဲ့လုပ်ကိုင်နိုင်ရေးရည်ရွယ်ပြီး ကျေးရွာအုပ်ချုပ်ရေးမှ ၂၀၁၆ခုနှစ်တွင် စတင်ကာ လုပ်ကိုင်လိုသည့် အိမ်ထောင်စုများအကြားညှိနှိုင်းပြီး ချေးငွေပေးနိုင်မည့် အဖွဲ့အစည်းများ၊ဌာနများကို ချိတ်ဆက်ပြီး လုပ်ဆောင်မည့် |



CamScanner
CamScanner

| ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
| --- | --- | --- | --- | --- |
| | | | | လုပ်ငန်းရပ်ဖြစ်ပါသည်။ |
| အဆောက်အဦ | အထက်တန်းကျောင်းရရှိရန်လျှောက်ထားခြင်း | ၇ | ၄ | ကပ်လျက်မိုင်းဇင်းရွာအလယ်တန်းကျောင်းခွဲသို့ တက်ရောက်နေကြပြီး ကျောင်းသားအင်အားတိုးတက်နေခြင်းကြောင့် သက်ဆိုင်ရာ ရွာများနှင့်မိဘဆရာအသင်း၊ ကျောင်းကော်မတီတို့ ပူးပေါင်းကာ ၂၀၁၆ ဇန်နဝါရီတွင် အထက်တန်းကျောင်းရရှိနိုင်ရေး မြို့နယ်ပညာရေးရုံးသို့ ဌာန၏စံချိန်စံညွှန်းများနှင့်ညီညွတ်ပါက လျှောက်ထားမည့်အစီအစဉ်ဖြစ်ပါသည်။ |
| ***အခြေခံအဆောက်အဦကဏ္ဍ*** | | | | |
| လျှပ်စစ်မီး | လျှပ်စစ်မီးသွယ်တန်းခြင်း | ၁၀ | ၁ | ရွာမှ ၃မိုင်ခန့်ဝေးသော ယမ်လူလမ်းခွဲထိ လျှပ်စစ်မီးရရှိပြီးဖြစ်သောကြောင့် ယင်းမှဆက်ပြီး သွယ်တန်းနိုင်ရေးအတွက် လျာထားမျှော်မှန်းသော စီမံကိန်းဖြစ်ပါသည်။ ၂၀၁၅ ဒီဇင်ဘာအတွင်း ကျေးရွာအုပ်ချုပ်ရေး၊ ဖွံ့ဖြိုးမှုကော်မတီတို့က ဦးဆောင်ပြီး ကျေးရွာမီးလင်းရေးကော်မတီတစ်ရပ်ဖွဲ့ကာ ဦးစီးလုပ်ကိုင်မည်ဖြစ်ပါသည်။ မြေနေရာရှာဖွေရေးသက်ဆိုင်ရာဌာနဖြစ်သော အီးပီစီသို့ချိတ်ဆက်နိုင်ရေးနှင့် ကုန်ကျစရိတ်များ အပြင် လိုအပ်သောပစ္စည်းများစုဆောင်းရေးတို့ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ လမှစတင်ကာ ဆောင်ရွက်မည်ဖြစ်ပါသည်။ တစ်အိမ်လျှင် ၆ သိန်းခန့်ကုန်ကျစရိတ်ထည့်ဝင်ရမည့် ခန့်မှန်းကုန်ကျငွေ သိန်း ၂၅၀၀ ကျော်ခန့်ရှိသော ယင်းစီမံကိန်းကို ကျေးရွာအုပ်ချုပ်ရေး နှင့် မီးလင်းရေးကော်မတီတို့က ဦးဆောင်ကာကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးနှင့် အီးပီစီတို့ချိတ် ဆက်ကာ ဆက်လက်လုပ်ဆောင်မည်ဖြစ်ပါသည်။ |
| ဆည်မြောင်း | ရေသွင်းမြောင်းတိုးချဲ့နိုင်ရေးတင်ပြခြင်း | ၃ | ၈ | ချောင်းများမှ လယ်အတွင်းသို့ စိုက်ပျိုးရေပိုမိုရရှိနိုင်ရေး ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ကာ သက်ဆိုင်သော လယ်၊ ယာသမားများနှင့် တိုင်ပင်ညှိနှိုင်းကာ ၂၀၁၆ မတ်လမှ စတင်ကာ ဆည်မြောင်းဌာနသို့ တင်ပြခြင်းကို လုပ်ဆောင်မည့် စီမံချက် |

| ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | | လုပ်ငန်းရပ်ဖြစ်ပါသည်။ |
| လမ်း | ရွာလမ်းမကွန်ကရစ်လမ်းဆက်ခင်းခြင်း | ၆ | ၅ | လက်ရှိရွယ်လယ်စည်းဝေးခန်းမထိ ကွန်ကရစ်လမ်းကို ၂၀၁၂-၁၄ အကြားတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးအဖွဲ့ဖြင့် ချိတ်ဆက်ရရှိခဲ့ဖူးသည့် သာဓကကောင်းကို အခြေပြုပြီး ကျေးရွာအုပ်ချုပ်ရေးဖွံ့ဖြိုးရေးကော်မတီနှင့်ရွာ သားအားလုံး ပူးပေါင်းပါဝင်ကြမည့်စီမံကိန်းဖြစ်ပါသည်။ စည်းရုံးဆွေးနွေးခြင်းကို ၂၀၁၅ နိုဝင်ဘာမှစတင်လုပ်ဆောင်ပြီး ခန့်မှန်းကုန်ကျ စရိတ် သိန်း၇၀၀ ကျော်ကုန်ကျမည့် ယင်းစီမံ ကိန်းကို ၂၀၁၆ မတ်လမှစတင်နိုင်ရန်လျာထားပြီး ၂၀၂၀ ဒီဇင် ဘာအထိ လျာထားဆောင်ရွက်မည်ဖြစ်ပါသည်။ |



CamScanner

CamScanner

(ဃ) အကောင်ထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်း ကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ဇယား (၄၆) စီမံကိန်းကာလ

| စဉ် | စီမံကိန်း | ဦးစားပေးအဆင့် | ကာလ ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | လျှပ်စစ်မီးရရှိနိုင်ရေးစီမံချက် | ၁/၁၀ | √ | √ | √ | | | | ကျေးလက်ဦးစီး |
| ၂ | မူးယစ်ဆေးဝါးသုံးစွဲမှု လျော့ကျပပျောက်ရေးစီမံချက် | ၂/၉ | √ | √ | √ | √ | √ | √ | |
| ၃ | အသက်မွေးဝမ်းကျောင်းသင်တန်းနှင့်ချေးငွေ(စိုက်ပျိုး၊ မွေးမြူရေးချေးငွေ) | ၃/၈ | | √ | √ | √ | | | ကျေးလက်ဦးစီး |
| ၄ | အထက်တန်းကျောင်းလျှောက် ထားခြင်း | ၄/၇ | | √ | | | | | |
| ၅ | ရွာလမ်းမကွန်ကရစ်လမ်းဆက်လက်ခင်းခြင်း | ၅/၆ | | √ | √ | √ | √ | √ | ကျေးလက်ဦးစီး |
| ၆ | စီမံအုပ်ချုပ်မှုသင်တန်း | ၆/၅ | | | √ | √ | √ | √ | |
| ၇ | စိုက်ပျိုးရေးသင်တန်း (ခရမ်းချဉ်သီးစိုက်နည်း) | ၇/၄ | | √ | √ | √ | | | |
| ၈ | ရေသွင်းမြောင်းတိုးချဲ့နိုင်ရေးတင်ပြခြင်း | ၈/၃ | | √ | √ | √ | | | ကျေးလက်ဦးစီး |

## ၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက် မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြ ထားပါသည်။ ၎င်းထဲတွင် စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊



CamScanner

CamScanner

အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံ နှင့် အစီအစဉ်၊ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံ အဆောက်အဦးကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံကိန်းများကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလ အတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံကိန်းအလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ(indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက် ဘတ်ဂျက်**

| စဉ် | စီမံချက် | ရံပုံငွေ (ကျပ်) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | စွမ်းဆောင်ရည် မြှင့်တင် ရေး | ငွေလုံးငွေရင်းအသုံးစရိတ် | အ ထွေထွေရင်းနှီးမြှုပ်နှံမှု | လူသားချင်းစာနာမှု အထောက်အပံ့ |
| ၁ | လျှပ်စစ်မီးရရှိနိုင်ရေးစီမံချက် | | | | | |
| ၂ | မူးယစ်ဆေးဝါးသုံးစွဲမှု လျော့ကျပပျောက်ရေးစီမံချက် | | | | | |
| ၃ | အသက်မွေးဝမ်းကြောင်းသင်တန်းနှင့် ချေးငွေ(စိုက်ပျိုး၊မွေးမြူရေး ချေး ငွေ) | | | | | |
| ၄ | အထက်တန်းကျောင်းလျှောက်ထားခြင်း | | | | | |
| ၅ | ရွာလမ်းမကွန်ကရစ်လမ်းဆက် | | | | | |



CamScanner
CamScanner

## ၁။ ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

### ၁.၁။ လူဦးရေ နှင့် လူဦးရေဆိုင်ရာအချက်အလက်

ဇယား (၁) ကတ်ဇင်း (၂) ကျေးရွာ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % | ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၅ | ၁၀ | ၁၅ | ၂.၅၂% | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၃၀ | ၁၉ | ၄၉ | ၈.၂၃% | ၅ နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၂၄ | ၂၀ | ၄၄ | ၇.၃၉% | မူလတန်းကျောင်းနေအရွယ် |
| ၉နှစ်မှ ၁၄နှစ် | ၃၆ | ၃၄ | ၇၀ | ၁၁.၇၆% | အလယ်တန်းကျောင်းနေအရွယ် |
| ၁၄နှစ်မှ ၆၀နှစ် | ၁၉၅ | ၂၀၁ | ၃၉၆ | ၆၆.၅၅% | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀နှစ်နှင့်အထက် | ၁၀ | ၁၁ | ၂၁ | ၃.၅၂% | သက်ကြီးရွယ်ကြီး |
| စုစုပေါင်း | ၃၀၀ | ၂၉၅ | ၅၉၅ | ၁၀၀% | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀-၁၁ စက်တင်ဘာ ၂၀၁၅)

လေ့လာတွေ့ရှိချက် ။ ။ကတ်ဇင်း(၂)ရွာသည် မိုင်းဇင်းကျေးရွာအုပ်စုအတွင်းတွင်ရှိပြီး ကျိုင်းတုံမှ ၇မိုင် ခန့်အကွာ ကျိုင်းတုံ-တောင်ကြီးကားလမ်းဘေးမှ ၁ဖာလုံခန့်သာအတွင်းသို့ ဝင်ရောက်ရသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာအတွင်း လူဦးရေစုစုပေါင်း ၅၉၅ ဦးရှိပြီး အိမ်ထောင်စုပေါင်း ၉၄ အိမ်ဖြစ်သဖြင့် တစ်အိမ်ထောင်လျှင် ၆.၃ဦးနှုန်းနေထိုင်ပြီး နိုင်ငံ၏ စံနှုန်းထက်ပိုမိုပါသည်။ ကျား၊ မဦးရေတွင် ကျားက ၅ ဦးသာစုစုပေါင်းတွင်ပိုပြီး ၉နှစ်မှ၁၄နှစ်တွင် ၂ဦး ၅နှစ်မှ၉နှစ်တွင် ၄ဦးနှင့် ၁နှစ်မှ၅နှစ်တွင် ၁၁ ဦးထိ ပိုပါသည်။ အမျိုးသမီးဦးရေမှာ ၁နှစ်အောက်တွင် ၅ဦး၊ ၁၄နှစ်မှ၆၀နှစ်တွင် ၆ဦးနှင့် ၆၀နှစ်အထက်တွင် ၁ ဦးတို့ အသီးသီး ပိုကြပါသည်။ ထို့ကြောင့် ကျား၊ မကွာခြားချက်မကြီးမားချေ။ အမျိုးသမီးဦးဆောင်အိမ် ထောင်စု ပေါင်း (၁၂) စုရှိပါသည်။ ယင်းတို့အနက် ၂ ဦးသာ ကျပမ်းမိသားစုဖြစ်ပြီး အများစုမှာလယ်ပိုင် ဖြစ်ကာတစ်ဦးမှာ ပန်းဘဲသီးသန့်လုပ်ကိုင်သည့်မိသားစုဖြစ်ကာ အခြားတစ်ဦးမှာ ကျောင်းအုပ် အမျိုး သမီးဖြစ်ပါသည်။ လားဟူ၇၃အိမ်၊ အာခါလူမျိုး၁၇အိမ်၊ လားဟူ-ဗမာ ၃အိမ်၊ အာခါ-လားဟူ ၁အိမ်တို့အသီးသီးနေထိုင်ကြပြီး နှစ်ခြင်း၊ရိုမန်ကတ်သလစ်နှင့် ဗုဒ္ဓဘာသာများကိုးကွယ်ကြပါသည်။

### ၁.၂။ လုပ်သားအင်အား

ဇယား (၂) ကတ်ဇင်း(၂)ရွာ လုပ်သား အင်အား နှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်း | အဓိကအလုပ်အကိုင်( အိမ်ထောင်စု) | % | အခြားဝင်ငွေရလုပ်ငန်း (လူဦးရေ) | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | စိုက်ပျိုးရေး(သီးနှံထုတ်လုပ်ရေး) စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | ၆၇ | ၇၁.၂၇ | ဆန်စက် ၁၂ စက်ချုပ်၁ ပန်းဘဲ၁၄ ဆမ်လော့၁ ယက်ကန်း၁ ယက်ကန်းနှင့် | လယ်ပိုင်လယ်သမား ၃၄ဦး၊ လယ်ပိုင်(ဆန်စက်၁၂၊စက်ချုပ်၁၊ ပန်းဘဲ၄၊ယက်ကန်းနှင့် ပန်းဘဲ၁၊ဆမ်လော့တက်စီ၁၊ယက် |



CamScanner
CamScanner
CamScanner

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ပွဲဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်း အလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။



CamScanner
CamScanner
CamScanner

ယောက်ပါဝင်မည့် အစည်း/ ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် သုံးသပ်ပွဲတွင် အောက်ပါအချက်များအပေါ် အဓိက အလေးထားဆောင်ရွက်ပါမည်။

- စီမံကိန်းလုပ်ငန်းများမှ ရရှိခဲ့သော လက်ငင်းရလဒ်များ နှင့် အကျိုးသက်ရောက်မှုများ၊
- စီမံကိန်းတစ်ခုချင်းစီ၏ ကျေးရွာလူထုဖွံ့ဖြိုးရေးအပေါ် အကျိုးသက်ရောက်မှုများအား အကဲဖြတ် သုံးသပ်ချက်များ၊
- ဖွံ့ဖြိုးရေးအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ နှင့် စိန်ခေါ်မှုများ၊
- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဗဟိုအဆင့်မှ ကူညီအားဖြည့်ရမည့် မူဝါဒ နှင့် စီမံကိန်းအထောက်အပံ့များ လိုအပ်မှု အခြေအနေ၊
- ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်မှုမှ ရရှိသော သင်ခန်းစာများ (အခြားရွာများနှင့် အခြားဒေသ ရွာများသို့ အပြန်အလှန်မျှဝေနိုင်ရန်)
- ဘတ်ဂျက်ရရှိမှု နှင့် လုံလောက်မှု အခြေအနေ
- အကြံပြု သုံးသပ်ချက်များ

နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် သုံးသပ်ပွဲ အစီရင်ခံစာကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီကအနှစ်ချုပ် ပြုစုပြင်ဆင်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ အစီရင်ခံပါမည်။ အစီရင်ခံစာသည် စာမျက်နှာ (၂-၃) မျက်နှာစန့် ပါဝင်၍ အောက်ပါအချက်များကို အဓိကထား ဖော်ပြပါမည်။

- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အဓိကအကျဆုံးသော အရေးကြီးသည့်အကြောင်း အရာ နှင့် စိန်ခေါ်မှုများ
- ပြုပြင်ဆောင်ရွက်ရမည့် အဆိုပြု အစီအစဉ်
- နိုင်ငံတော် အစိုးရအဖွဲ့အစည်းများထံမှ လိုအပ်သည့် အကူအညီ စသည်တို့ ဖြစ်ပါသည်၊



CamScanner
CamScanner
CamScanner

ဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့ခွဲ အသီးသီးတို့က ၎င်းတို့ တာဝန်ကျရာ ကဏ္ဍအလိုက်စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲများသည် ၎င်းတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများ ဖြစ်လာပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြ ပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင် ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များ အပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထား ချက် နှင့် နှိုင်းယှဉ်၍)။
- (၃) လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက် အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီး ဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့် စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို



CamScanner
CamScanner
CamScanner

အကောင်အထည်ဖော် ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ လုပ်ငန်းရည်ရွယ်ချက်နှင့် သဘော သဘာဝများမှာ လုပ်ငန်းအလိုက် ကွဲပြားပါသည်။ ထို့ကြောင့် လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင် ထိန်း သိမ်းရေး အစီအစဉ်များအတွက် စီစဉ်ဆောင်ရွက်ပုံများမှာလည်း ကွဲပြားပါသည်၊ ကျေးရွာတွင်း ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအလိုက် လုပ်ငန်းများ လည်ပတ်ရေး၊ ပြုပြင် ထိန်းသိမ်း ရေးအတွက် သက်ဆိုင်ရာအဖွဲ့များကို အောက်ပါပုံစံများဖြင့် ဆောင်ရွက်နိုင်ရန် စီစဉ်သွားမည် ဖြစ်ပါ သည်။

## ၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်၊ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက် နိုင်ပါလိမ့်မည်။ ကြီးကြပ် စစ်ဆေးသုံးသပ်ရခြင်း၏ ရည်ရွယ်ချက် များမှာ -

- စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှုများအား အမြဲမပြတ်ကြည့်ရှု၍ စီမံခန့်ခွဲရန် ၊
- ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ ပြီးမြောက်အောင်မြင်မှုများအား လေ့လာခြင်းအားဖြင့် ၎င်းတို့၏ အကျိုးရလဒ်များကို ရှင်းလင်းစွာ နားလည် သဘောပေါက်လာစေရန်၊
- ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ဖော်ထုတ်သိရှိနိုင်ရန်နှင့် ဦးစားပေး ဖြေရှင်းရမည် များကို သတ်မှတ်ဆောင်ရွက်နိုင်ရန်၊
- ဆောင်ရွက်နေသော စီမံကိန်းအတွေ့အကြုံများအပေါ်တွင် အခြေခံ၍ အသုံးပြုနေသော ဖွံ့ဖြိုးရေး ဗျူဟာကို ချိန်ညှိနိုင်ခြင်းအားဖြင့် သင့်လျော်သော ဖွံ့ဖြိုးရေးအစီအစဉ်များ ရွေးချယ်ဆောင်ရွက်နိုင်ရန်၊
- နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများနှင့် အခြားဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများထံမှ လိုအပ် သော ဖွံ့ဖြိုးရေး အကူအညီများ တိတိကျကျ သတ်မှတ်နိုင်ရန်၊

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင် ရွက်နိုင်ရန် သင့်တော်သော အဖွဲ့ အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက် မှုနှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေး ခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာ



CamScanner
CamScanner
CamScanner

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာ နှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန့်သတ်ချက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ် ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော ကော်မတီ၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနက တာဝန်ယူ ပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်အကောင်အထည် ဖော်ရန်အတွက် အဆိုပြု စီမံကိန်းများကို ရေးဆွဲရာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ အနေဖြင့် ဆောင်ရွက်မည့် လုပ်ငန်း တစ်ခုစီချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များကို ရေးဆွဲထားရှိပါသည်။ ဥပမာအားဖြင့် ကျေးရွာ ကျောက်ချောလမ်းခင်းရန်အတွက် လိုအပ်သော ကုန်ကျစရိတ်များကို တွက်ချက်ရာတွင် ကျေးရွာလူထုမှ ထည့်ဝင်နိုင်မည့် လုပ်အားပမာဏ၊ ငွေကြေးထည့်ဝင်မှု၊ ပြင်ပ အကူအညီလိုအပ်မှု စသည်တို့ ပါဝင်ပြီး၊ ရေရှည်တည်တံ့ရေး လုပ်ငန်းများတွင် ကျေးရွာလူထုမှ ရေနုတ်မြောင်း တူးဖော် ရေး၊ ပြုပြင်ထိန်းသိမ်းရေး အပိုင်းများတွင် လုပ်အား၊ ငွေအား ထည့်ဝင်မှု စသည်တို့ ပါဝင်ပါသည်။ စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ အလိုက် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနာယကများ၏ အကြံပြုချက်များကို ရယူရုံသာမက လုပ်ငန်း အကောင် အထည်ဖော်မှုများ အားလုံးအတွက် ငွေကြေးသုံးစွဲမှုများကို ပွင့်လင်းမြင်သာမှုရှိရေး အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင်ပူးပေါင်းပါဝင်သော နည်းလမ်း (Participatory Process)ဖြင့် ဆောင်ရွက်ရာတွင် အရေးကြီးသောလိုအပ်ချက်မှာ စီမံကိန်းများ အကောင်အ ထည်ဖော်ဆောင်မှု အဆင့်တိုင်း၌ လူတန်းစား အလွှာအသီးသီး၊ လူတန်းစားမရွေး ထိရောက်စွာ ပါဝင်ခွင့် ရရှိရေးပင် ဖြစ်ပါသည်။ သို့မှသာ လူထုက စီမံကိန်းလုပ်ငန်းများအပေါ် ပိုင်ရှင်စိတ်ဓာတ် ရှိလာပါမည်။ လူထု၏ ပိုင်ရှင် စိတ်ဓာတ်ရှိလာလေလေ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ၏ လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင် ထိန်းသိမ်းရေးအတွက် လူထုပါဝင်မှု အားကောင်းလေလေ ဖြစ်ပါမည်။ ၎င်းဖွံ့ဖြိုးရေး လုပ်ငန်းများ လည်ပတ်စရိတ်၊ ပြုပြင်စရိတ် စသည်တို့အတွက် လူထု၏ထည့်ဝင်မှု၊ ပူးပေါင်းပါဝင်မှု မရှိလျှင် တည်ထောင်ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်းများ မတည်မြဲ နိုင်ပါ။



CamScanner
CamScanner
CamScanner

| | |
|---|---|
| | လက် ခင်းခြင်း |
| ၆ | စိမံအုပ်ချုပ်မှုသင်တန်း |
| ၇ | စိုက်ပျိုးရေးသင်တန်း(ရေနှိပ်နှင်းရေး) |
| ၈ | ရေသွင်းမြောင်းတိုးချဲ့နိုင်ရေးတင်ပြခြင်း |

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(က) ကျေးရွာလူထု (လူထုခေါင်းဆောင်မှု နှင့် စီမံခန့်ခွဲမှု အခန်းကဏ္ဍ)

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်သာဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီ အသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင် ပါမည်။ ဥပမာ - ပညာရေးကော်မတီသည် ကျေးရွာ၏ ပညာရေးကဏ္ဍ ပိုမိုကောင်းမွန် တိုးတက်လာစေရန် တာဝန်ယူ ဆောင်ရွက်စေ၍ စိုက်ပျိုးရေးကော်မတီသည် ကျေးရွာ၏ လယ်ယာကုန်ထုတ် ခြင်းလုပ်ငန်းများ တိုးတက်ရေးအတွက် တာဝန်ယူ ဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း

ကျေးရွာဖွံ့ဖြိုးရေး ကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုအပိုင်းကို တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုအပ်ပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်ဖြေရှင်းရန် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ - ပညာရေးကော်မတီသည် ကျေးရွာရှိ စာသင်ကျောင်းတွင် ဆရာ၊ ဆရာမ လိုအပ်နေမှု (သို့) မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်အခြေခံပညာဦးစီးဌာနနှင့် ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ရပါမည်။ စိုက်ပျိုးရေးကော်မတီကလည်း လယ်ယာထုတ်ကုန်သီးနှံများတိုးမြှင့်ထုတ်လုပ်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဆက်သွယ်၍ နည်းပညာဆိုင်ရာ အကူအညီများရယူရန် လိုအပ်ပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်း အမျိုးအစား ပေါ်မူတည်၍ ပြင်ပ/အခြား ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများ အတွက် အောက်ပါ အဖွဲ့အစည်း / ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ၊



CamScanner
CamScanner
CamScanner

| စဉ် | အမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
| --- | --- | --- | --- |
| | ပြောင်းခံရသူများ | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | |
| ၉ | ငါးကန်ပိုင်ရှင် | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကူပန်း | လတ် | မြေမရှိ၊လုပ်အားကြေးသူရ |
| ၁၁ | လူနည်းစုလူမျိုးများ | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာ | | |
| ၁၃ | နယ်စပ်ဒေသ | | |
| ၁၄ | ရွှေ့တွင်းလုပ်သားများ | | |
| ၁၅ | ဆေးစွဲသူများ | မြင့် | ဦး၃၀ထိရှိ (ကျေးရွာကနိုးရိမ်မှုမြင့်မား) ဆေးအလွယ် တကူရနိုင်း |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် | တီဘီတွေ့ရှိသူ ၁၅ ဦးထိရှိ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | | |
| ၁၈ | လှည့်လည်သွားလာဈေးရောင်းသူများ | မြင့် | ၁၅ ဦးရှိ (မိုင်းလားတရုတ်တိုင်း) |
| ၁၉ | ကားသမား | မြင့် | စရိုးဝေးသွားအန္တရာယ်များ |
| ၂၀ | အခြား | | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သ တင်းအချက်အလက်များ (၁၀-၁၁ စက်တင်ဘာ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။လူငယ်နှင့်မူးယစ်ဆေးမှာ ခွန်တွဲနေသည့်ပြဿနာဖြစ်နေပြီး မူးယစ်ဆေးဝါးအ လွယ်တကူရနိုင်ခြင်းကြောင့်လည်း လူငယ်များအတွက် ပိုမိုထိခိုက်လွယ်စေပါသည်။

## ၂။ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

### ၂.၁။ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

### ၂.၁.၁။ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၀) ကတ်ခင်း-၂ရွာ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ ကျ | မ | ပေါင်း | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ(၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
| --- | --- | --- | --- | --- | --- | --- | --- | --- |
| ၁ | လူငယ်အဖွဲ့ | ၂/၃ | ၂၀ | ၃၀ | ၅၀ | လူမှုရေး၊ဘာသာရေး (ရိုးရာပွဲတော် များ) | ၄ | ၆ |
| ၂ | အုပ်ချုပ်ရေး | | ၂၇ | | ၂၇ | စီမံခန့်ခွဲရေး၊ | ၅ | ၆ |
| ၃ | ပြည်သူ့စစ် | | ၁၁ | | ၁၁ | လုံခြုံရေး | ၅ | ၆ |
| ၄ | မီးသတ် | ၂ | ၁ | | ၁ | မီးကင်းလှည့် | ၅ | ၆ |
| ၅ | ဝေါလ်ဗီးရှင်းဈေး ငွေ | ၁ | | ၃၅ | ၃၅ | စုပေါင်းမွေးမြူးပြန်ဆပ် | ၅ | ၇ |
| ၆ | နစ်ခြင်းအသင်းတော်အဖွဲ့ | ၃ | | | | သုံးပုံနှစ်ပုံမှာနစ်ခြင်း အသင်းတော်အဖွဲ့ဝင် | ၅ | ၆ |
| ၇ | အာရှံဗီအသင်းတော်အဖွဲ့ | ၃ | | | | သုံးပုံတစ်ပုံ | ၅ | ၆ |



CamScanner
CamScanner
CamScanner

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | နိမ့်၊လတ်၊မြင့် | မှတ်ချက် |
|---|---|---|---|
| | ခြင်း | | ဓါတ်မြေဩဇာ သုံးစွဲလာရ |
| ၁၀ | သစ်တောပြုန်းတီးခြင်း | မြင့် | တပ်မြေသိမ်းထောင်းစုတ် များပြန်မစိုက် တော်ရှာလုံး |
| ၁၁ | ငှက်ဖျားရောဂါ | နိမ့် | |
| ၁၂ | တီဘီရောဂါ | မြင့် | ၁၅ ဦးမှာ အများစုလူ လတ်များဖြစ်ပြီး |
| ၁၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | ၁ဦးရှိ ဝါးစီးရှင်း မှ လာ ပေါ်ပြော |
| ၁၄ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းရသူများ(IDP) | နိမ့် | ဆွေးစွဲသူမိသားစုမှ ဆေးစွဲသူ ၁ဦးထွက်ပြေး |
| ၁၅ | လူကုန်ကူးခံရခြင်း | | |
| ၁၆ | ဓားလဲသီခေါင်းလမ်းပန်းစက်ခဲ | | |
| ၁၇ | အခြား | | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သ တင်းအချက်အလက်များ (၁၀-၁၁ ဇက်တင်ဘာ ၂၀၁၅)

လေ့လာတွေ့ရှိချက် ။ မြေသိမ်းခြင်းကြောင့်ပြောင်းရွှေ့ရသူမရှိသော်လည်း မူးယစ်ဆေးကြောင့် ထွက်ပြေးရသူရှိပြီး ရွာအတွင်း၌မူးယစ်ဆေးသုံးစွဲမှုများလာခြင်းနှင့် မူးယစ်ဆေးအလွယ်တကူရ နိုင်ခြင်းတို့က ရွာ၏ထိခိုက်လွယ်မှုအခြေအနေကိုမြင့်တက်စေပါသည်။ ဆေးစွဲသူတစ်ဦးထွက်ပြေး သွားခြင်းကို အထက်ဖော်ပြပါဇယားတွင် နေရပ်စွန့်ခွာအဖြစ်ထည့်သွင်းထားပါသည်။ အဓိကထိ ခိုက်လွယ်မှုကို တောင်ယာမြေများ မိရိုးဖလာစနစ်ဖြင့် (ရွှေ့ပြောင်း)စိုက်ပျိုးနေရာမှ မြေယာမှတ်ပုံ တင်ခြင်းကို မလုပ်ခဲ့ကြပေ။ ယခုအခါအခြားရွာများနှင့် ထိစပ်လာခြင်း၊ကျိုင်းတုံမြို့ချဲ့ထွင် လာခြင်းနှင့်အတူ တပ်မြေချဲ့ထွင်တည် ဆောက်ခြင်းများကြောင့် မြေများထပ်မံချဲ့ထွင်လုပ်ကိုင် နိုင်ခြင်းမရှိတော့ချေ။ သို့သော်ကျေးရွာပိုင်သစ် တောဧက ၃၇.၁၇ ကိုစုပေါင်းထိန်းသိမ်းထားခြင်း သည်အလေ့အထကောင်းတစ်ရပ်ဖြစ်ပါသည်။

**၁.၆.၃။ မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း။**

**ဇယား(၉) ကတ်ခင်း-၂ရွာ ထိခိုက်လွယ်သူများအခြေအနေ**

| စဉ် | အမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | မူးယစ်ဆေးဝါးစွဲသူ ဦး ၃၀ခန့်ရှိပြီး ထိရောက်စွာနှိမ် နင်းနိုင်ခြင်းမရှိ |
| ၂ | အမျိုးသမီးဦးဆောင်ဆင်းရဲအိမ်ထောင်စု | နိမ့် | ၂၂စုအနက် ၄ စုဆင်းရဲသော်လည်းအလုပ် အကိုင်ပုံမှန်နီးပါးရှိ |
| ၃ | မြေယာမဲ့ဆင်းရဲသား တောင်သူ | လတ် | ကျပမ်းနည်းပြီးအလုပ်အကိုင်မပြတ် |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက် နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူ ပြောသောဒေသ | နိမ့် | |
| ၅ | မြစ်ကမ်းဘေးနေလူထု | မရှိ | |
| ၆ | မတော်တဆဖြစ်နိုင်ခြေများသောနေရာ (prone to accident) | နိမ့် | တောင်ကြီး-ကျိုင်းတုံလမ်းမပေါ်ရွာအဝင် ထောင့်ဖြတ်ကွေ့ ၁နေရာသာအနည်း ငယ်အန္တရာယ်ရှိ |
| ၇ | (IDP) ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ | နိမ့် | မူးယစ်လူငယ်တစ်ဦးထွက် ပြေး |



CamScanner
CamScanner
CamScanner

## ၁.၆။ ထိခိုက်လွယ်မှု

### ၁.၆.၁။ ထိခိုက်လွယ်သော လူပုဂ္ဂိုလ်အစု

ဇယား (၇) ကတ်ခင်း၂ ရွာ ထိခိုက်လွယ်အစုများ

| အကြောင်းအရာ | ရှင်းလင်းချက်/မှတ်ချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို(အသက်၆၀နှစ်နှင့်အထက်) | မိသားစုစောင့်ရှောက်မှုမရှိ | ၁ | ၁ | ၂ |
| မသန်စွမ်းသည့်ပုဂ္ဂိုလ် | မိသားစု/လုပ်ရွာ၏ စောင့်ရှောက်မှုမရှိ | အိမ်ထောင်ရှင်အမေဆုံးချက် | | |
| အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ဆင်းရဲ၍မိသားစုများ | | ၂၄ | |
| မုဆိုးမို/တစ်ခုလပ် | ဆင်းရဲ၍မိသားစုများ | | | |
| ဆင်းရဲသည့်အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသူ | | | ၅ (ကျား ၁ + မ ၄) |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာလူ ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သ တင်းအချက်အလက်များ (၁၀-၁၁ ဇော်တင်ဘာ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။ကတ်ခင်း(၂)ရွာထိခိုက်လွယ်သူများတွင် အဓိကအားဖြင့် အခြားဒေသသို့ကြာမြင့်စွာသွားရောက်လုပ်ကိုင်နေရသူ ၅ဦးကို တော်တွေ့ကြရပါသည်၊ အများအားဖြင့် ၎င်းတို့သည် ထိုင်း၊မြန်မာ နယ်စပ်တာချီလိတ်မြို့နှင့်အနီးတဝိုက်တွင် လယ်ယာစိုက်ပျိုးရေး အလုပ်များကိုလုပ်ကိုင်ကြသည်ဟု ဆို ကြပါသည်၊ မိသားစုဦးစေများပြီး ဆင်းရဲသူများသော ၎င်းအိမ်ထောင်စုတို့သည် လယ်ယာမရှိသည့် အပြင် ရွာ၏ကိုယ်ပိုင်အလုပ်အကိုင်ဖြစ်သော ပန်းဘဲပညာလည်းတတ်ကျွမ်းမှုမရှိကြချေ၊

### ၁.၆.၂။ ကျေးရွာလူထုတို့၏ ထိခိုက်လွယ်အခြေအနေ

ဇယား (၈) ကတ်ခင်း -၂ ရွာ၏ ထိခိုက်လွယ်အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | နိမ့်/လတ်/မြင့် | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | အသက်၆၀ကျော်အဖိုးအဖွားမရှိအလှန်ဆင်းရဲ ၃အိမ်ယာဧကများကို မှတ်သားမှုမရှိကိုယ်ပိုင်ခြေနည်း |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေခိုက်ပျိုး ရေ စသည်) | လတ် | သည့် အပြင်။ အခြားရွာနယ်မြေများနှင့်ထိစပ်နေ၊ လွန်ခဲ့သော ၅ နှစ်ကတည်းကခြင်းကြောင့် မြေသိမ်းထားရှိတောင် ယာမြေများဆပ်မဲ့တွင် ရေထော ရွာမြောက်ဘက်တောင်ကုန်းချောင်းရေ ၄ ချောင်း မ မှီးရှာသီသာပြီး ရေဆောက်စေ ဘုရားစေသာ |
| ၃ | ရေကြီးခြင်း | လတ် | ချောင်းနီးနားရှိလယ်ပိုင်ရှင်အချို့ တစ်နှစ်တစ်ခါမိုးတွင်းရေကြီးပြီးတောင်ကုန်းချောင်းအနီးလယ်မြေ၌ |
| ၄ | မိုးခေါင်ခြင်း | နိမ့် | တောင်သူ မိုးနောက်ကျ၍စိုက်ပျိုးနိုင် နောက်ကျ |
| ၅ | မုန်တိုင်း | နိမ့် | |
| ၆ | လျှင် | နိမ့် | |
| ၇ | မီးဘေး | နိမ့် | |
| ၈ | ဆားငံရေဝင်မြေ | မရှိ | |
| ၉ | မြေပြိုခြင်း၊မြေဆီလွှာပျက် | နိမ့် | တောင်ယာမြေမကောင်းသည့်လယ်အနည်းငယ်တွင် |



CamScanner
CamScanner
CamScanner

| အကြောင်းအရာ | အဆင့်သတ်မှတ်ချက် အဆင်မပြေဆုံး အိမ်ထောင်စု | အလယ်အလတ်နှင့် ဆင်းရဲသောအိမ်ထောင်စု | ချမ်းသာသော အိမ်ထောင်စု | အလွန်ချမ်းသာ သောအိမ်ထောင်စု |
|---|---|---|---|---|
| | သုံးပစ္စည်း | | | |
| မွေးမြူရေး ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကျွဲ၊ဆိတ်၊ကြက် မွေးမြူလေ့လေ့ ရှိတတ် | ဝက်၊ကြက် မွေးမြူလေ့လေ့ ရှိတတ် | ဝက်၊ကြက် မရှိ | ဝက်၊ကြက် မရှိ |
| နိမ့်ခံပစ္စည်း | စလောင်း၊ဆိုင်ကယ်၊တီဗီ၊ လှေကြီး၊ရေဒီယို၊ ၅-၆ မီးစက်ဖုန်း၊ အိမ်သုံးပရိဘောဂ ပစ္စည်းလွှမ်းကား။ | စလောင်း၊ဆိုင်ကယ်၊တီဗီ၊ လှေကြီး၊ရေဒီယို၊ ဖုန်းနှင့်ပရိဘောဂ ပစ္စည်း | ဆိုင်ကယ်၊တီဗီ၊ လှေသေး၊ဖုန်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်းနှင့်တစ် နှစ်ဝင်ငွေ | လယ်၊မွေးမြူရေး ၃၀-၅၀ သိန်း | လယ်၊ဟန်းဘဲ၊ ဈေး ဆိုင်၊သုံးဘီးတက္ကစီ မောင်း၊ ၁၅-၃၀ သိန်း | တောင်သူ၊အ ငှားစက်လှေ နှင့်ရိုးရာအ ထည်ရက် ၇-၁၀ သိန်း | နေ့စားအလုပ်၊ ဆိုက်ကားနင်း ၅-၇ သိန်း |
| ခန့်မှန်းအိမ် ထောင်စု | ၁၅ | ၄၀ | ၂၇ | ၁၂ |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀-၁၁ ဇက်တင်ဘာ ၂၀၁၅)

### ၁.၅။ ဝမ်းစာဖူလုံမှု၊ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်အခြေအနေ

### ၁.၅.၁။ ဝမ်းစာဖူလုံမှု (ချေးငှားခြင်းမပြုပဲ ထမင်းပုံမှန်/နပ်မှန်အောင်စားသောက်နိုင်သည့်မိသားစု ၇၀ စု)

**ဇယား (၆) ကတ်ဇင်း-၂ရွာ ဝမ်းစာဖူလုံမှုအခြေအနေ**

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃လအောက် | ၈ | ၇.၅၂% | လုပ်အားနှင့်ဖလှယ်၊အကြွေးယူ |
| ၃လနှင့်၅လအထိ | ၁၆ | ၁၅% | မိတ်ဆွေနှင့်ငွေတိုးထံမှချေးယူ |
| ၆လမှ၁၂လအထိ | ၇၀ | ၇၄.၄၆%% | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀-၁၁ ဇက်တင်ဘာ ၂၀၁၅)

**လေ့လာတွေ့ရှိချက်** ။ ။ကတ်ဇင်း-၂ရွာသည် ယေဘူယျအားဖြင့် စားနပ်ရိက္ခာဖူလုံကြသည်ဟု ဆိုကြပြီး ကျပမ်းများပင်လျှင် အလုပ်အကိုင်ပြတ်လတ်ခဲသည်ဟုဆိုပါသည်။ ထူးခြားချက်မှာ ကျိုင်းတုံနှင့်နီးသော် လည်း ကျိုင်းတုံသို့သွားရောက်လုပ်ကိုင်ခြင်းထက် နီးစပ်သော ကတ်ဇင်း-၁ ရွာနှင့်အခြားရှမ်းရွာများသို့သာ သွားရောက်လုပ်ကိုင်ခြင်း လိုအပ်ပါက ငွေကြေးမှအစ ချေးငှား ယူခြင်းတို့ပြုလုပ်လေ့ရှိပါသည်။ ဝေါမီးရှင်းမြန်မာပင်ရောက်ပြီး ဗိုင်းကြီးချုပ်စနစ်ဖြင့်ငွေချေးထား ပေးသောကြောင့် ၄င်းမှာလည်း အမျိုးသမီးတို့အတွက် ဖြေရှင်းနည်းတစ်ခုအဖြစ် အကျိုးဝင် နေပါသည်။



CamScanner
CamScanner
CamScanner

လေ့လာတွေ့ရှိချက် ။ ။ လယ်မြေစုစုပေါင်း ၁၀၅၈ဧကတွင် ရှမ်းမြန်မာရွာ ၃၀ ဧကသာလျှင် ရွာအနီးအနားတွင် ပင်ရှိပြီး လယ်သမား ၃၀ က ပိုင်ဆိုင်ပြီး ကျော်ဦးမနေ့မကောင်းမနေလျှင်း မိုးကောင်းသောက်ချောင်း ၄ ချောင်းစလုံးနှင့်နီးကပ်ပြီး စိုက်ပျိုးရေးကောင်းသည့်မနေ့မကောင်းလျှင် ရှိပါသည်။ ကျန်လယ်မြေများ မှာ ရွာမှအနည်းငယ်ကွာဝေးသောအရပ်တွင်ရှိပါသည်။ ယခုမြေများကို ရိုးရာအစဉ်အလာအရ ရွှေပြောင်းစ နစ်ဖြင့်စိုက်ပျိုးရာမှ မှတ်ပုံတင်လျှောက်ထားမှုမရှိမှုကြောင့် ယခုမှ မြေယာများကိုသိမ်းယူသောအခါ အထောက် အထားမရှိတော့ချေ။ ထို့ကြောင့်လက်ရှိတွင်လည်း ယာမြေစကမှာစနှံ့မှန်းစကာအဖြစ်သာဖော်ပြကြပါသည်။

### ၁.၃.၂။ ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

**ဇယား (၄) ကတ်ဇင်း၂ရွာ ဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု (များ၊သင့်၊နည်း၊မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်၊ခက်၊လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်မီးသွေး ၊သဲ) | သဲ၊လမ်းခင်းကျောက်-များ | လွယ်(ရွာ၏အရှေ့တောင်ဘက်၂ မိုင်သာဝေး) |
| အခြားသဘာဝအရင်းအမြစ် တိရစ္ဆာန်မျိုးစိတ်များ | လွန်ခဲ့သော ၅ နှစ်မှစပြီးအိမ်မွေး တိရစ္ဆာန်မှလွဲ၍တောကောင်များမရှိ | |
| အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်) | အင်ကြင်း၊ရင်ကူ၊ကျွန်းအပင်၃၀၀ ပြန်စိုက်၊မန်ကျည်းပင်ပေါများ၊ဘက် ကယ်ပြက်၊ကောက်ရိုးများရနိုင် | လွယ်-ရွာအေးကပ်ရပ်တွင်သစ် တောရှိ၊ ရွာ၏ မြောက်ဘက် ၂ မိုင်အကွာတွင် ဘက်ကယ်တောရှိ |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၀-၁၁ ဇက်တင်ဘာ ၂၀၁၅)

## ၁.၄။ ဥစ္စာဓနအဆင့်အတန်း

**ဇယား (၅) ကတ်ဇင်း(၂)ရွာ ဥစ္စာဓနအဆင့်ခွဲခြားခြင်း**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေ သော အိမ် ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲ သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု (လယ်/ယာ) | ၂ဧက-၃ဧက | ၁ဧက-၂ဧက | ၁ဧကအောက် | မရှိ |
| အိမ်အခြေအနေ | အုတ်ကြွပ်၊သွပ်အ ကောင်စားမိုး၊ အုတ် ချောထပ် တိုက်၊ တမံသလင်းခင်း၊ ကြွေပြားကပ် | အုတ်ကြွပ်၊သွပ်အ ကောင်စားမိုး၊အုတ် ချောတိုက်၊တမံသ လင်းခင်း | အုတ်ကြွပ်၊သွပ် ရိုးရိုးမိုး၊ မြေ ကြီးအုတ်ကာ၊ မြေကြီးသလင်း | သက်ကယ်မိုး၊သွပ် အနုပ်မိုး၊ဝါး ကာ၊ မြေသားနံရံ၊ မြေ ခိုက် |
| ယဉ်၊ကားပိုင်ဆိုင်မှု | ဆမ်လော့၊ထွေလာဂ ျီ၊ဆိုင်ကယ်၂စီး+ | ဆိုင်ကယ် | ဆိုင်ကယ် | မရှိ |
| လုပ်ငန်းသုံးကိရိ ယာ ပိုင်ဆိုင်မှု | လက်တွန်းထွန် စက်၊ ခြွေလှေ့စက်၊ ဖြက် ဖြတ်စက်၊ဆန် စက် ငယ်၊ အမှုန့် ကြိတ်စက်ဆေးဖြန်း ပုံး နှင့် လယ်ယာ | လက်တွန်းထွန် စက်၊ခြွေလှေ့စက်၊ ဖြက်ဖြတ်စက်၊ဆန် စက်ငယ်၊ ပန်းဘဲဖိုဖော်တာ | ဆေးဖြန်းပုံး၊ ပေါက်တူး၊ ပေါက်ပြား၊ တံစဉ်၊တူ၊ ဓါး၊ ပေါက်: | ပေါက်တူး၊ပေါက် ပြား၊တံစဉ်၊တူ၊ ဓါး၊တောင်း |



CamScanner
CamScanner
CamScanner

| စဉ် | လုပ်ငန်း | အမြဲတမ်းအလုပ်အကိုင် (အိမ်ထောင်စု) | % | အမြင့်ဆုံးဝင်ငွေ ရှာဖွေနိုင်မှု (ကျပ်/ရက်) | မှတ်ချက် |
|---|---|---|---|---|---|
| | သား | | | | |
| ၂၀ | ကူညီလုပ်ကိုင်သူမိသားစုဝင်<br>ပြင်ပအဖွဲ့အစည်းများ<br>စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်<br>အလုပ်<br>ဝန်ထမ်း၊နေ့စား၊အခစားလုပ်<br>သား<br>ကူညီလုပ်ကိုင်သူမိသားစုဝင်<br>စီးပွားရေးလုပ်ငန်းများတွင်ပါ<br>ဝင်<br>လုပ်ကိုင်နေသူအိမ်ထောင်စု<br>စုစုပေါင်း | ၉၄ | ၁၀၀ | | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များနှင့် ကတ်ခင်း(၂)ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောပြထားသောအချက်အလက်များ (၁၀-၁၁ စက်တင်ဘာ ၂၀၁၅)

လေ့လာတွေ့ရှိချက် ။ ။ကတ်ခင်း (၂)ရွာတွင် အထက်ဖော်ပြပါဇယားတွင် ရွှေပြောင်းလုပ်သားအိမ်ထောင် စု၂၀ကို ထည့်သွင်းရေတွက်ထားခြင်းမရှိပါ။ ကျား ၁၁၊ မ ၉ ဦးခန့်ရှိပြီး လား၊ တရုတ်နှင့် ပါတ်ဝန်း ကျင်ရှမ်းရွာများနှင့် အမေရိက (ဖုန်းဆက်ရှိသတင်းမကြား) တိုင်း၊ မလေးရှား၊ ကိုးရီးယားတို့သို့ သွားရောက် လုပ်ကိုင်နေတိုင်ကြပြီး ရွာသို့နှစ်အတန်ကြာမှ တစ်ခေါက်ခန့်ပြန်လာလေ့ရှိကြပါသည်။ ရွာရှိအိမ်ထောင်စုစုပေါင်းမှာ ၁၀၀ ကျော်အဖြစ် ဆွေးနွေးပွဲများတွင် ဖော်ထုတ်ကြသော်လည်း စာရင်းကောက်ယူရာတွင်မူ ၉၄အိမ်တိသာကောက်ခံနိုင်ကြပြီး ကျန်အိမ်များမှာ ရွှေပြောင်းသို့မဟုတ် ရွာအ တွင်း အိမ်သာရှိပြီး ကြာမြင့်စွာနေတိုင်ခြင်းမရှိတော့သကဲ့သို့ဖြစ်နေပါသည်။ ရန်ကုန်မှပြောင်းရွှေလာ ပြီး ရွာတွင်ဆေးခန်းဖွင့်ကာ အခြေချနေတိုင်သော ဆရာဝန် ၁ဦးရှိပါသည်။ စရစ်ယာန်သာသနာနယ် ၂ ခုရှိပြီး ဗမာဆရာတစ်ဦးသာ နှင်းခြင်းသာသနာမှ ရွာမှ တစ်ဦးကို ပြန်လည်ခန့်အပ်ထားပါသည်။

**၁.၃။ စိုက်ပျိုးနိုင်သော မြေဧရိယာ**

**၁.၃.၁။ ကျေးရွာ၏စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)**

**ဇယား (၃) ကတ်ခင်းရွာ စိုက်ပျိုးမြေအသုံးချမှုနှင့်ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(ကောင်း၊သင့်၊ညံ့) | ဆည်ရေရရှိမှု | ရေအရင်းအမြစ်(ရရှိသည့်နေရာ/ရေပေးနိုင်သည့် ဧက) |
|---|---|---|---|---|
| လယ်မြေ | ၁၀၅ | ကောင်း | မရှိ | သရက်ချောင်းမှ မြောင်း၊ မောင်း ၇၀ ဧက-ရေတောင်ကျချောင်း ၄ ချောင်းရှိ မိုးရေသီတွင်လယ်မြေအားလုံးရ |
| ယာမြေ | ၁၀.၂၅ | ကောင်း | မရှိ | မိုးကောင်းသောက် |
| ရွာပိုင်သစ်တော | ၃၇.၁၇ | ကောင်း | မရှိ | |
| စုစုပေါင်း | ၁၅၂.၄၂ | ကောင်း | | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များနှင့် ရင်းမြစ်မြေပုံ (၁၀-၁၁ စက်တင်ဘာ၂၀၁၅)



CamScanner
CamScanner
CamScanner

| စဉ် | လုပ်ငန်း | အဓိကအလုပ်အကိုင်(အိမ်ထောင်စု) | % | အခြားဝင်ငွေရလုပ်ငန်း(လူဦးရေ) | မှတ်ချက် |
|---|---|---|---|---|---|
| | အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်<br>သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၄ | အိမ်ခြံမြေရောင်းဝယ်ခြင်း နှင့်အလားတူလုပ်ငန်းများ | | | | |
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင်<br>အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်<br>သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၅ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၊ ကာကွယ်ရေး၊လူမှုလုံခြုံရေးစသည် | | | | |
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင်<br>အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်<br>သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၆ | ပညာရေး | | | | |
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင်<br>အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်<br>သား | | | ဆရာ/မ၂-၁<br>မူကြို ၁ | တောင်သူတွဲ |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၇ | ကျန်းမာရေး | | | | |
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင်<br>အလုပ် | ၁(ဆရာဝန်/<br>ဆေးခန်း) | ၁.၀၆ | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်<br>သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၈ | လူမှုရေးလုပ်ငန်းများ | | | | |
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင်<br>အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်<br>သား | ဓမ္မဆရာ | ၁.၀၆ | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၉ | အိမ်များတွင် အငှားလိုက်လုပ်သားများ နှင့် အမျိုးအမည်ခွဲခြား မရနိုင်သော ထုတ်လုပ်မှုလုပ်ငန်းများ | | | | |
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင်<br>အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ် | ကျပမ်း၈ | ၈.၅၁ | | ရွှေပြောင်း၂၀ |



CamScanner
CamScanner
CamScanner

| စဉ် | လုပ်ငန်း | အဓိကအလုပ်အကိုင်( အိမ်ထောင်စု) | % | အခြားဝင်ငွေရလုပ်ငန်း (လူဦးရေ) | မှတ်ချက် |
|---|---|---|---|---|---|
| ၇ | ဆောက်လုပ်ရေးလက်သမားနှင့်ပန်းရံလုပ်ငန်းများ | | | | |
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၈ | ယဉ်ကားစက်ပြင်နှင့်အိမ်တွင်း စက်ပစ္စည်းကိရိယာများပြုပြင်ခြင်းလုပ်ငန်း | | | | |
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၉ | လက်လီလက်ကား (ကုန်စုံဆိုင်စသည်) ရောင်းဝယ်ရေးအမျိုးမျိုး | | | | |
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင်အလုပ် | ကုန်စုံဆိုင်၂ | ၂.၁၂ | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၀ | ဝန်ဆောင်မှုလုပ်ငန်းများ (ဆံသ၊စက်ချုပ်၊အင်ဂျင်နီယာ၊သင်တန်း စသည်) | | | | |
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင်အလုပ် | ၃-စက်ချုပ် | ၃.၁၉ | ၁-တောင်သူ | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၁ | ဟိုတယ်၊တည်းခိုခန်းနှင့်စားသောက်ဆိုင် | | | | |
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင်အလုပ် | ခေါက်ဆွဲ ၁ | ၁.၀၆ | ၁တောင်သူ | ရိုးရာခေါက်ဆွဲဆိုင် |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၂ | ပို့ဆောင်ဆက်သွယ်ရေး နှင့် ကုန်စည်သိုလှောင်မှုလုပ်ငန်းများ | | | | |
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင်အလုပ် | ၂-ဆမ်လော | ၂.၁၂ | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | ၂-လိုင်းကား | ၂.၁၂ | | တောင်ကြီး-ကျိုင်းတုံ |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၃ | ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ (ဘဏ်လုပ်ငန်းနှင့်ငွေတိုးချေးခြင်းအပါအဝင် ဘဏ္ဍာရေးလုပ်ငန်းများ) | | | | |
| | စီးပွားရေးလုပ်ငန်းကိုယ်ပိုင် | | | | |



CS CamScanner
CS CamScanner
CS CamScanner

| စဉ် | လုပ်ငန်း | ဆောင်ရွက်မှု အကြိမ်(အဖြိမ် [illegible]) | % | [illegible] လုပ်ငန်း (လူဦးရေ) | မှတ်ချက် |
|---|---|---|---|---|---|
| | ဝန်ထမ်းနေထိုင်ရာအဆောက်အအုံ<br>သား<br>လူညီလုပ်ကိုင်သူမိသားစုဝင် | ၂ | ၂.၁၂ | ဝန်းကျင်ဒေသများ၏ ဒေသများမှ ပိုင်ဆိုင်သူ မှတ်ပုံတင်ရှိသူ ပေါက်ဖွဲ့ဆိုင် | ကုန်းသဘောရေပေါ်ကိစ္စ များဆိုင်ရာမှုကြီး ရှာပေး လုပ်ငန်းများ |
| ၂ | မွေးမြူရေးလုပ်ငန်း<br>စီးပွားရေးလုပ်ငန်းကိုယ်ပိုင်<br>အလုပ်<br>ဝန်ထမ်းနေထိုင်ရာအဆောက်အအုံ<br>သား<br>လူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၃ | ငါးမွေးမြူရေးလုပ်ငန်း<br>စီးပွားရေးလုပ်ငန်းကိုယ်ပိုင်<br>အလုပ်<br>ဝန်ထမ်းနေထိုင်ရာအဆောက်အအုံ<br>သား<br>လူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၄ | သစ်တောထွက်ပစ္စည်းထုတ်ယူခြင်း နှင့် သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲသောလုပ်ငန်းများ<br>စီးပွားရေးလုပ်ငန်းကိုယ်ပိုင်<br>အလုပ်<br>ဝန်ထမ်းနေထိုင်ရာအဆောက်အအုံ<br>သား<br>လူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်းများ<br>စီးပွားရေးလုပ်ငန်းကိုယ်ပိုင်<br>အလုပ် | ပန်းဘဲ ၅ | ၅.၃၁ | ဆရာ/မ ၂၊ ဆန်စက် ၁၂ ပန်းဘဲ ၁၅ ယက်ကန်း ၂ | ပါးအိပ်နှင့်ပါးအိပ်အလှဆင်ခြင်းကိုအလုပ် ရရှိနိုင်မှုအပေါ်တွင်မူတည်ပြီးလုပ်ကိုင်ကြ |
| | ဝန်ထမ်းနေထိုင်ရာအဆောက်အအုံ<br>သား<br>လူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၆ | လျှပ်စစ်ဓာတ်အားပေးဝေခြင်းနှင့်ရေပေးဝေရေး<br>စီးပွားရေးလုပ်ငန်းကိုယ်ပိုင်<br>အလုပ်<br>ဝန်ထမ်းနေထိုင်ရာအဆောက်အအုံ<br>သား<br>လူညီလုပ်ကိုင်သူမိသားစုဝင် | | | | |



CamScanner
CamScanner
CamScanner

### ၂.၃.၃။ ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၃) ကတ်ဇင်း ၂ ရွာ ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး(ကီလိုမီတာ) | ကတ်ဇင်း(၁)ရွာဈေး၁စာ လုံးနောင်နွန်ဈေး-၆.၄ကီလို | ကျိုင်းတုံမြို့မဈေး - ၁၁.၂ ကီလိုမီတာ |
| သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့်၎င်း၏အဆောက်အဦများ | ကားလမ်းသုံးဘီးဆိုင်ကယ်၊ မော်တော်ဆိုင်ကယ် ကယ်၊ ကား | ကားလမ်း-သုံးဘီးဆိုင်ကယ်၊မော်တော်ဆိုင်ကယ်၊ကား |
| ကုန်စည်အမျိုးအစားနှင့်ဝန်ဆောင်မှု | (လယ်ယာသုံးပစ္စည်းများ) မီးဖိုချောင်သုံးပစ္စည်းများ | စက်ပစ္စည်း၊ဇိမ်ခံပစ္စည်း၊အဝတ်အထည်၊အိမ်သုံးပရိဘောဂများ၊ ကုန်မာနှင့်အဆောက်အဦသုံးပစ္စည်းများနှင့် အခြားလုပ်ငန်းသုံးပစ္စည်းများ |
| ဈေးအခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှု | သွပ်မိုးမိုးကာမိုး၊ တမံသလင်းခင်း ၄×၄၊ မနက်ခင်း ၄နာရီမှ၉နာရီထိ | သွပ်မိုးအုတ်ကာ၊ အလယ်တန်းတီးမိုး တစ်တန်း အပြင်ပျံကျဈေးမနက်ပိုင်း(၄-၁၀)နာရီ။ လျှပ်စစ်မီး၊ရေဘုံဘိုင်၊ ဈေးကောက်၊ ဈေးခေါင်းရုံး၊ |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ (၁၀-၁၁ စက်တင်ဘာ ၂၀၁၅)

### ၂.၃.၄။ ငွေကြေးလက်လှမ်းမှီမှုနှင့်ဘဏ်လုပ်ငန်း

ဇယား (၂၄) ကတ်ဇင်း ၂ရွာ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်းအခြေအနေ

| ချေးငွေရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှုအမျိုးအစား | ပြန်လည်ပေးဆပ်ရမည့်ကာလ | အတိုးနှုန်း | အပေါင်ခံပစ္စည်းလိုအပ်မှု | ချေးငွေရရန်အစက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် | စိုက်ပျိုးရေးချေးငွေ | ၆လ | ၁.၅ကျပ် | ပုံစံ(၇) | အချိန်မီပြန်မဆပ်နိုင်လျှင် ချေးငွေအချိန်မမီ |
| ပုဂ္ဂလိကဘဏ်<br>ပုဂ္ဂလိကအသေးစားချေးငွေဝန်ဆောင်မှုကဏ္ဍ<br>အဖွဲ့လိုက်ငွေစုငွေချေးအစီအစဉ် - ဝေါလ်ဒီရှင်း<br>ငွေချေးပေးသူ ကတ်ဇင်း၁-ရှမ်း | ငွေတိုးပေးခြင်း<br><br>စိုက်ပျိုးရေးချေးငွေ | ၉လ<br><br>အနည်းဆုံး ၆လ | ၂.၅%<br><br>၃% | အုပ်ချုပ်ရေးထောက်ခံမှု၊ ဝိုင်းကြီးချုပ်စိုက်ပျိုးရေးလုပ်ငန်းပြ | ဝိုင်းကြီးချုပ် ဖြစ်၍ ထောက် ခံမည်သူမရှိက ချေး၍မရနိုင် သီးနှံပြန်သွင်းရ- တခြား တွင် ရောင်းလို့မရ။ |
| အပေါင်ဆိုင်<br>မိတ်ဆွေနှင့်ဆွေမျိုးများ | အရေးပေါ်ကိစ္စ | လမသတ်မှတ် | မရှိ | မလို | ၅၀၀၀၀ အောက်သာရ |



CamScanner
CamScanner
CamScanner

လေ့လာတွေ့ရှိချက် ။ ။ ပန်းဘဲဖိုလုပ်ငန်းမှာ အဓိကအားဖြင့် ဓါးတုတ်လုပ်မှုအတွက်သာဖြစ်ပြီး ပြန်လည်ဝယ်ယူပေးသည့်အတွက် ဈေးကွက်ကျိုင်းတုံမှ သူဌေးက ငွေအရင်းအနှီးထုတ်ပေးပြီး ဈေးနှုန်းကိုထိန်းချုပ်နိုင်မှုမလုပ်ကြချေ။ ဆက်စပ်လုပ်ငန်းဖြစ်သည့် ရွာရသက်သာ သော်လည်း ဈေးနှုန်းကိုထိန်းချုပ်နိုင်မှုမလုပ်ကြချေ။ တစ်ရွာလုံးလုပ်ငန်းရရှိမှုပေါ်မူတည်ပြီး လုပ်ကိုင်ခြင်း ဓါးအိမ်နှင့်ဓါးအိမ်အ လှဆင်ခြင်းလုပ်ငန်းကို တစ်ရွာလုံးလုပ်ငန်းရရှိမှုပေါ်မူတည်ပြီး လုပ်ကိုင်ခြင်း ဓါးအိမ်နှင့်ဓါးအိမ်အ လှဆင်ခြင်းလုပ်ငန်းကို ထည့်သွင်းရေတွက်ထားခြင်းမရှိပါ။ ခေါက်ဆွဲချပ်(ရှမ်းဒေသ့ရိုးရာ ကြောင့် ဤဇယားတွင် ထည့်သွင်းရေတွက်ထားခြင်းမရှိပါ။ စားသုံးသည့်အလေ့ကြောင့် ရပ်တည်မှု မုန့်ပဲသရေစာ)သည် ကျေးရွာအတွင်း နေ့တိုင်းနီးပါး စားသုံးသည့်အလေ့ကြောင့် ရပ်တည်မှု လတ်အနေအထားတွင်ရှိပါသည်။ လားဟူရိုးရာ အထည်ရက်လုပ်ငန်းကို လုပ်ကိုင်သည့် အိမ် ၂ အိမ်သာရှိပြီး ကျိုင်းတုံဈေးကွက်ကို တိုက်ရိုက်ချိတ်ဆက် ထားနိုင်ခြင်းနည်းပါးကာ ကုန်ကြမ်း ချည်ထည်လိုအပ်မှုနှင့် အရင်းအနှီးငွေတတ်နိုင်မှုစိန်ခေါ်ချက်များရှိပါသည်။

ပန်းဘဲလုပ်ငန်းနှင့်လားဟူရိုးရာယက်ကန်းလုပ်ငန်းသည် နိုင်ငံခြားခရီးသွားဧည့်သည်များနှင့်ဆက်စပ်ပြီး အမှတ်တရလက်ဆောင်အဖြစ် ဓါးနှင့်ရိုးရာလွယ်အိတ်အစရှိသည်ဖြင့် ရောင်းချသည့်ဈေးကွက်မှာ အလားအလာကောင်းသော လုပ်ငန်းဖြစ်ပါသည်။ ထို့အတူဒေသတွင်းခရီးသွားလုပ်ငန်းနှင့်ဆက်စပ်ပြီး လည်း အလားအလာကောင်းပါသည်။ လားဟူတိုင်းရင်းသားတို့သည် ကျိုင်းတုံတွင် ကိုယ်ပိုင်ဈေးရှိခြင်း၊ တိုင်းရင်းသားအချင်းချင်းအဆက်အသွယ် ကောင်းကြခြင်းတို့အပြင် ဒီဇိုင်းအရည်အသွေးကောင်း ခြင်းကြောင့် ဈေးကွက်အလားအလာကောင်းသော လုပ်ငန်းဖြစ်နေသော်လည်း အရင်းအနှီးနှင့်ခရီးသွား လုပ်ငန်းကောင်းမွန်မှုသည် ရွာကလက်လှမ်းမီနိုင်သောအနေအထားထက်ပိုသောစိန်ခေါ်ချက်ဖြစ်သည်။

၂.၃.၂။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား (၂၂) ကတ်ဝင်း ၂ ရွာစိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြဿနာ နှင့်အခက်အခဲများ

| အခွင့်အလမ်းများ | ပြဿနာနှင့်အခက်အခဲများ |
